mgyoe.com SAMPLE BOOK

ဦးမြင့်ဝင်း (ရွှေဘို)

# စာချွန်တော်

## အခြေခံနှင့်လက်တွေ့

(၂၀၁၅ ခုနှစ် ဖြည့်စွက်ပြင်ဆင် ပုံနှိပ်ခြင်း)

# Writs

## Basics and Practice

၂၀၁၄ ခုနှစ် စာချွန်တော်လျှောက်ထားမှုဆိုင်ရာ
ဥပဒေနှင့် နည်းဥပဒေများ ထည့်သွင်းထားသည်။

mgyoe.com SAMPLE BOOK

ဤစာအုပ်တွင် ပွဲစည်းပုံ အခြေခံဥပဒေပါ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးသည့် အောက်ဖော်ပြပါ စာချွန်တော်အမိန့်များအကြောင်းကို စာချွန်တော်အမိန့် တစ်ခုချင်းစီ၏ သဘောသဘာဝ၊ လုပ်ထုံးလုပ်နည်း၊ စီရင်ဆုံးဖြတ်ချက်များနှင့်အတူ ယင်းတို့၏ ပင်မ မဏ္ဍိုင်အဖြစ် ခြေကုပ်ယူရသော တရားဥပဒေ စိုးမိုးရေးအကြောင်းတို့ကိုပါ ပြည့်ပြည့်စုံစုံ ဆက်စပ်တင်ပြထားပါသည် –

- ရှေ့တော်သွင်း စာချွန်တော်အမိန့်၊
- အာဏာပေး စာချွန်တော်အမိန့်၊
- တားမြစ်စေ စာချွန်တော်အမိန့်၊
- အာဏာပိုင်ပေး စာချွန်တော်အမိန့်၊
- အမှုခေါ် စာချွန်တော်အမိန့်။

Wisdom House

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

- ဤစာအုပ်တွင် ပုံမှန် တရားစီရင်ရေးလမ်းကြောင်းဖြင့် ပြည်သူပြည်သားများ၏ အခွင့်အရေး နစ်နာဆုံးရှုံးမှုများအား ကုစားဖြေရှင်းမပေးနိုင်သည့်အခါ အခြားနည်းဖြင့် ဥပဒေနှင့်အညီ ပြည်သူများအားကာကွယ်စောင့်ရှောက်ပေးနိုင်သော စာချွန်တော်အကြောင်းကိုဦးတည် ရေးသားထားပါသည်။ စာချွန်တော် ဟူသည်မှာ အခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို အကာအကွယ်ပေးသည့် တရားစီရင်ရေးပုံစံပင် ဖြစ်ပါသည်။

*စကားဦး မှ*

- လူ့အဖွဲ့အစည်းတစ်ရပ်တွင် အများပြည်သူသည် မိမိတို့အချင်းချင်းစည်းကမ်းတကျ သေဝပ်အောင် ထိန်းသိမ်းနိုင်စွမ်း မရှိပါလျှင် လွတ်လပ်စွာ စုဝေးပိုင်ခွင့် အခွင့်အရေး ဆိုသည်မှာ အင်အားကြီးမားသာလွန်သူကသာ ကိုင်တွယ် ထိန်းကျောင်းသည့် လက်နက် ဖြစ်နေပါလိမ့်မည်။

*ကောင်းမွန်သည့် အုပ်ချုပ်ရေး မှ*

- အာဏာပိုင်မေး စာချွန်တော် ဆိုသည်မှာ အစိုးရရာထူး၊ လုပ်ငန်းတာဝန် တစ်ခုကို ခန့်အပ်ခံရခြင်း၊ ရွေးကောက်ခံရခြင်းများတွင် ယင်းရာထူး တာဝန်ကို မည်သည့် အခွင့်အာဏာအရ ရရှိသည်၊ ရွေးကောက်ခံရသည်ကို တင်ပြရန် တောင်းဆိုသည့်အမိန့် ဖြစ်ပါသည်။

*အာဏာပိုင်မေး စာချွန်တော် မှ*

mgyoe.com

mgyoe.com SAMPLE BOOK

❑ အာဏာပေး စာချွန်တော်သည် ပြည်သူများ၏ အရေးအရာနှင့် တိုက်ရိုက်သက်ဆိုင်သည့်ကိစ္စများ၊ ပစ္စည်း မတရားလက်လွှတ် ဆုံးရှုံးစေသည့် ကိစ္စများတွင် ဥပဒေအရ ကုစားရန်နည်းလမ်း မရှိသည့် အခါများ၌ ကျင့်သုံးကြပါသည်။ ဥပဒေအရ တရားမျှတမှုကို ထိခိုက်စေသည့် ချို့ယွင်းအားနည်းချက်များကို ဖြည့်ဆည်းပေးရန် အမြင့်ဆုံး တရားရုံးအား အပ်နှင်းထားသည့် အထူးအခွင့်အာဏာ စာချွန်တော် ဖြစ်ပါသည်။

*အာဏာပေး စာချွန်တော်အမိန့်* မှ

❑ တားမြစ်စေ စာချွန်တော် အမိန့်သည် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ကသာလျှင် ထုတ်ပေးပိုင်ခွင့် ရှိသော စာချွန်တော် အမျိုးဖာစားပင် ဖြစ်ပါသည်။ လက်အောက်ခံ တရားရုံး တစ်ရုံးရုံးက ၎င်းအား အပ်နှင်းထားသော စီရင်ပိုင်ခွင့်အာဏာကို ကျော်လွန် သုံးစွဲခြင်းများအား တားမြစ်စေသည့်အမိန့် ထုတ်ခွင့် ရှိသကဲ့သို့ အာဏာတည်ဆဲ ဥပဒေ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်အား ချိုးဖောက် ကျူးကျော်သော ကိစ္စများကိုလည်း ဤစာချွန်တော်အမိန့် ထုတ်ခွင့် ရှိပါသည်။

*တားမြစ်စေ စာချွန်တော်အမိန့်* မှ

❑ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အခွင့်အရေးများနှင့် တာဝန်များကို ဖော်ပြထားသည့် ဥပဒေများသည် နိုင်ငံ၏ ဥပမိရုပ်ကို ဖန်ဆင်းသည့် အုတ်ခဲများ ဖြစ်သည် ဆိုပါစို့။ ထိုအုတ်ခဲများ တစ်ချပ်နှင့် တစ်ချပ် စွဲမြဲစေရန် စည်းနှောင်မည့် အင်္ဂတေ လိုပါသည်။ ယင်းအင်္ဂတေမှာ တရားဥပဒေ စိုးမိုးရေးပင် ဖြစ်ပါသည်။ ဥပဒေကို မည်သို့ပင် ပြဋ္ဌာန်းထားပါစေ၊ ထိုဥပဒေအတိုင်း အစိုးရနှင့် ပြည်သူများက လိုက်နာကျင့်သုံးစေရန် ဖော်ဆောင်မပေးနိုင်ပါက ထိုနိုင်ငံ ဥပမိရုပ် ပြိုကျပျက်သုဉ်းမည်သာ ဖြစ်ပါသည်။

*ကောင်းမွန်သည့် အုပ်ချုပ်ရေး* မှ

mgyoe.com

mgyoe.com SAMPLE BOOK

WISDOM HOUSE
စာအုပ် ၁၂၀

# တချွန်တော်
## အခြေခံနှင့်လက်တွေ့
(၂၀၁၉ ခုနှစ် ဖြည့်စွက်ပြင်ဆင် ပုံနှိပ်ထုတ်ဝေခြင်း)

# Writs
## Basics and Practice

ဦးမြင့်ဝင်း (ရွှေဘို)

WISDOM HOUSE
☎ ၀၉-၅၀၅-၈၅၃၃၃၊ ၀၁-၅၄၅၀၃၆၊ ၀၉-၄၃၀-၄၁၈၅၇။
*wisdomhouse.mm@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK


| | |
|---|---|
| ပထမအကြိမ် | ဇွန်လ၊ ၂၀၁၄ ခုနှစ်။ |
| ဒုတိယအကြိမ် | ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်။ |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသူ | ဦးမောင်မောင်<br>Wisdom House စာအုပ်တိုက် (မြ-၀၀၄၇၁)၊<br>အခန်း ၁၀၁၊ တိုက် ၁၁၉၁-၁၁၉၂၊<br>လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊<br>တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးတင်အောင်ကျော်<br>စွယ်တော်ပုံနှိပ်တိုက် (မြ-၀၀၄၁၁)၊<br>အမှတ် (၁၄၇)၊ (၅၁) လမ်း (အထက်)၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| မျက်နှာဖုံးဒီဇိုင်းနှင့်<br>အတွင်းအပြင်အဆင် | H. Lwin |
| အတွင်းဖလင် | ထက်အာကာကျော် |
| တည်းဖြတ် | အေးကျော်မင်း |
| တန်ဖိုး | ကျပ် ၈၅၀၀ ကျပ် ၈၀၀၀ |

၄၄၀

မြင့်ဝင်း၊ ဦး (ရွှေဘို)

စာချွန်တော် အခြေခံနှင့်လက်တွေ့ / ဦးမြင့်ဝင်း (ရွှေဘို)

- ရန်ကုန်၊ Wisdom House စာအုပ်တိုက်၊ ၂၀၁၅။

၂၁၀- စာ၊ ၁၃ × ၂၀. ၅ စင်တီ။

(၁) စာချွန်တော် အခြေခံနှင့်လက်တွေ့ (ဒုတိယအကြိမ်)


mgyoe.com

mgyoe.com
SAMPLE BOOK

## ဦးမြင့်ဝင်း (ရွှေဘို)

အဖ ဦးတင်၊ အမိ ဒေါ်လေးရှိန်တို့မှ ၁၉၅၂ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဇီးတောကျေးရွာ၌ မွေးဖွားသည်။ ၁၉၆၈-၁၉၆၉ ခုနှစ်တွင် ရွှေဘိုမြို့ အမှတ် (၂) အစိုးရ အထက်တန်းကျောင်းမှ ဒသမတန်း အောင်မြင်သည်။ ၁၉၇၃-၁၉၇၄ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့နှင့် ဥပဒေဘွဲ့ ရရှိသည်။

၁၉၇၅ ခုနှစ်တွင် ရွှေဘိုမြို့၌ အထက်တန်းရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်သည်။ ၁၉၇၆ ခုနှစ်တွင် ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ ဗဟိုဥပဒေရုံး၌ ဥပဒေဝန်ထမ်း အဆင့် (၄) အဖြစ် စတင်တာဝန်ထမ်းဆောင်သည်။ ထို့နောက် ကသာခရိုင်နှင့် ရွှေဘိုခရိုင်တို့တွင် မြို့နယ်ဥပဒေအရာရှိအဖြစ် လည်းကောင်း၊ မကွေးတိုင်းဥပဒေရုံး၊ ဗဟိုဝန်ထမ်းတက္ကသိုလ် ဖောင်ကြီး (ကထိက-ဥပဒေပညာဌာနမှူး)၊ စစ်ကိုင်းတိုင်း ဥပဒေရုံးတို့တွင် လက်ထောက် တိုင်းဥပဒေအရာရှိအဖြစ် လည်းကောင်း၊ ဟင်္သာတခရိုင်၊ မန္တလေးခရိုင်နှင့် လားရှိုးခရိုင်တို့တွင် ခရိုင်ဥပဒေအရာရှိအဖြစ် လည်းကောင်း၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ပြည်နယ်/တိုင်းဒေသကြီး ဥပဒေအရာရှိအဖြစ် လည်းကောင်း၊ ရှေ့နေချုပ်ရုံးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ် (တာဝန်) အဖြစ် လည်းကောင်း အဆင့်ဆင့် တာဝန် ထမ်းဆောင်ခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

၂၀၁၂ ခုနှစ်တွင် နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူကာ မန္တလေးမြို့၌ တရားလွှတ်တော်ရှေ့နေအဖြစ် လိုက်ပါ ဆောင်ရွက်သည်။

၂၀၁၃ ခုနှစ်တွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေခုံရုံး အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။

၁၉၇၆ ခုနှစ်တွင် ဒေါ်ယဉ်မင်းဆွေနှင့် အိမ်ထောင်ပြုပြီး သားကြီး ကိုနေခြည်ဝင်း၊ သမီးကြီး မဆည်းဆာဝင်း၊ သားငယ် ကိုသော်တာဝင်းနှင့် သမီးငယ် မနှင်းရည်ဝင်း ဟူ၍ သားသမီး လေး ဦး ထွန်းကားသည်။

အမည်ရင်း ဦးမြင့်ဝင်း ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ❑ | ဒုတိယအကြိမ် ထုတ်ဝေခြင်းအတွက် အမှာစာ | က |
| ❑ | စကားဦး | ၁ |
| ၁။ | ကောင်းမွန်သည့် အုပ်ချုပ်ရေး | ၃ |
| ၂။ | လွတ်လပ်ခွင့် | ၂၉ |
| ၃။ | ပြည်ထောင်စု မြန်မာနိုင်ငံတွင် ဥပဒေဖြင့် အကာအကွယ်ပေးခြင်း | ၄၅ |
| ၄။ | ရှေ့တော်သွင်း စာချွန်တော်အမိန့် | ၅၉ |
| ၅။ | အာဏာပေး စာချွန်တော်အမိန့် | ၈၉ |
| ၆။ | တားမြစ်စေ စာချွန်တော် | ၁၁၃ |
| ၇။ | အာဏာပိုင်မေး စာချွန်တော် | ၁၃၉ |
| ၈။ | အမှုခေါ် စာချွန်တော် | ၁၄၉ |
| ❑ | ဆန္ဒ | ၁၇၃ |
| ❑ | နောက်ဆက်တွဲ | ၁၇၉ |
| | ၂၀၁၄ ခုနှစ်၊ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေ | ၁၈၁ |
| | စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ နည်းဥပဒေများ | ၁၈၉ |
| ❑ | ရည်ညွှန်းကိုးကားသော စာအုပ်များ | |


mgyoe.com

mgyoe.com



mgyoe.com

mgyoe.com SAMPLE BOOK

# ဒုတိယအကြိမ်ထုတ်ဝေခြင်းအတွက် အမှာစာ

စာချွန်တော်အမိန့် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် ဇွန်လ ၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်သည် စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာဥပဒေကို အတည်ပြု ပြဋ္ဌာန်းလိုက်ပါသည်။ အဆိုပါ ဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကလည်း ၂၀၁၃ ခုနှစ်က ထုတ်ပြန်ခဲ့သည့် စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ နည်းဥပဒေကို ပြင်ဆင်သည့် နည်းဥပဒေအား အမိန့်ကြော်ငြာစာအမှတ် ၃၄၈/၂၀၁၅၊ ၂၉-၄-၂၀၁၅ ရက်စွဲဖြင့် ထုတ်ပြန်လိုက်ပါသည်။ ဤစာအုပ်၏ သက်ဆိုင်ရာအခန်းများတွင် ပြင်ဆင်သည့် နည်းဥပဒေများကို အစားထိုး ဖြည့်စွက်ထားပါသည်။

ဖော်ပြပါ ဥပဒေ၊ နည်းဥပဒေများသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်အမိန့်များ လျှောက်ထားကြသည့်အခါ လိုက်နာကျင့်သုံးရန် ညွှန်ပြသည့် ကျင့်ထုံး နည်းလမ်းများ ဖြစ်သည့်တိုင် ယင်းဥပဒေများဖြင့်ပင် အမှုခေါ် စာချွန်တော်အမိန့်နှင့် တားမြစ်စေ စာချွန်တော်အမိန့်တို့နှင့် စပ်လျဉ်း၍ ကာလစည်းကမ်းအား နှစ်နှစ်အထိ သတ်မှတ်လိုက်သည်ကို အထူးအားဖြင့် သတိပြုစေလိုပါသည်။

ဤ ဖြည့်စွက်ပြင်ဆင်ပုံနှိပ်ခြင်းတွင် ၂၀၁၄ ခုနှစ် စာချွန်တော်အမိန့် လျှောက်ထားခြင်းဆိုင်ရာ ဥပဒေ၊ စာချွန်တော်



mgyoe.com

mgyoe.com SAMPLE BOOK

အမိန့် လျှောက်ထားခြင်းဆိုင်ရာ နည်းဥပဒေတို့ကို နောက်ဆက်တွဲအဖြစ် ဖော်ပြထားပါသည်။ ထို့ပြင် ၂၀၁၄ ခုနှစ်အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားစီရင်ထုံးများမှ စပ်ဆိုင်သရွေ့ ဆုံးဖြတ်ချက်များကိုလည်း ဖြည့်စွက်ထားပါကြောင်း ဖော်ပြအပ်ပါသည်။

ဦးမြင့်ဝင်း (ရွှေဘို)



mgyoe.com

mgyoe.com SAMPLE BOOK

# စကားဦး

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို သန့်ရှင်းသော အစိုးရဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နှင့်အညီ တည်ဆောက်သွားရန် နိုင်ငံတော် သမ္မတကြီးက ၎င်း၏ ပထမဆုံး တိုင်းပြည်သို့ အသိပေး မိန့်ခွန်းတွင် ပြောကြားခဲ့ပါသည်။ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံ ပြည်သူတို့အကြား နားလည်မှု တည်ဆောက်ရန် ကြိုးပမ်းခြင်း၏ အစဟု ဆိုနိုင်ပါသည်။ သန့်ရှင်းသော အစိုးရဟူသည်မှာ အဂတိ ကင်းစင်သည့်၊ ဘက်လိုက်မှု ကင်းစင်သည့် အစိုးရဟု ဆိုသော် ရအံ့ ထင်ပါသည်။ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဟူသည်ကား အလွန် ကျယ်ဝန်းပါသည်။ အဓိပ္ပာယ်ကောက်ယူ ဖွင့်ဆိုခြင်းများ၊ ကျင့်သုံးသည့် နည်းစနစ် အပေါ် ဆန်းစစ်တင်ပြသည်များ အသီးသီး ရှိကြပါသည်။

သို့ရာတွင် တူညီသော အချက် တစ်ချက် ရှိပါသည်။ ယင်းမှာ အုပ်ချုပ်ခံ ပြည်သူများက အုပ်ချုပ်သူ အစိုးရအပေါ် စိတ်ချလက်ချ ယုံကြည်အားထားမှုကို တည်ဆောက်နိုင်ခြင်း ဖြစ်ပါသည်။ ပြည်သူများက အစိုးရအပေါ် စိတ်ချလက်ချ ယုံကြည်အားထားမှု ရှိလျှင် ရှိသလောက် တိုင်းပြည် အေးချမ်း တည်ငြိမ်နိုင်ပါသည်။ ယင်းဖြင့် တိုင်းသူပြည်သားတိုင်းသည် မိမိဘဝ စားဝတ်နေမှုကို အကြောင့်ကြ ကင်းစွာဖြင့် လည်းကောင်း၊ တစ်ဦးအပေါ်တစ်ဦး လေးစားခြင်းဖြင့် လည်းကောင်း ခိုင်မာအောင် တည်ဆောက်နိုင်ပါလိမ့်မည်။ တိုင်းပြည် ဖွံ့ဖြိုးရေးအတွက် တည်ဆောက်နိုင်စွမ်းသူများ ဖြစ်နိုင်ပါလိမ့်မည်။



mgyoe.com

mgyoe.com
SAMPLE BOOK

ပြည်သူအများ၏ စိတ်ချ ယုံကြည်မှုကို ရယူရန် တစ်ခုတည်းသော နည်းလမ်းမှာ အုပ်ချုပ်ရေးတွင် ဖြစ်စေ၊ တရားစီရင်ရေးတွင် ဖြစ်စေ ပေါ်ပေါက်သည့် အရေးဆိုမှု၊ အငြင်းပွားမှုများကို အာဏာတည်ဆဲ ဥပဒေများနှင့်အညီသာ အဆုံးအဖြတ်ခံယူစေခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် တရားဥပဒေ၏ အာဏာပိုင်စိုးမှု ဖြစ်တည်စေခြင်း ဖြစ်ပါသည်။ ယင်းကို တရားဥပဒေ စိုးမိုးရေးဟုလည်း ခေါ်ကြပါသည်။ ဥပဒေ ပညာရှင် A.V Dicey က Supremacy of Law ဟုလည်း ရေးသားပါသည်။

တရားဥပဒေ ဟူသည်မှာ 'တရား'နှင့် 'ဥပဒေ' ဟူသော စကားလုံး နှစ်လုံးကို ပေါင်းစပ်ထားခြင်း ဖြစ်ပါသည်။ 'တရား' ဟူသည်မှာ နှစ်ဖက် မျှမျှတတ ဖြစ်စေခြင်း၊ မတရားသဖြင့် မဖြစ်စေခြင်းကို ရည်ညွှန်းပြီး 'ဥပဒေ' ဆိုသည်မှာ လူတိုင်း၏ အခွင့်အရေးများ၊ တာဝန်များကို ဖော်ပြသည့် စည်းမျဉ်း စည်းကမ်းများပင် ဖြစ်ပါသည်။ သို့ဖြစ်ရာ 'တရားဥပဒေ' ဆိုသည်မှာ နှစ်ဦးနှစ်ဖက် မျှမျှတတ ဖြစ်စေသည့် လူတို့၏ အခွင့်အရေးနှင့် တာဝန်များဟု ဆိုရသော် မှားမည် မဟုတ်ပါ။

ဥပဒေတစ်ရပ်အား ဖော်ပြပါအတိုင်း အကျိုးသက်ရောက်စေရန် ပြဋ္ဌာန်းပေးရသည့် တာဝန်သည် ဥပဒေပြုလွှတ်တော်များတွင် တည်ရှိပါသည်။ လွှတ်တော်များက ပြဋ္ဌာန်းပေးလိုက်သည့် ပြည်သူပြည်သားတို့၏ အခွင့်အရေးများ၊ တာဝန်များကို အုပ်ချုပ်သူ အစိုးရအဖွဲ့က အကောင်အထည်ဖော်ရခြင်းသာ ဖြစ်ရာ ဥပဒေပြုမှုတာဝန်သည် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် တစ်ရပ်အတွက် မည်မျှ အရေးပါသည်ကို အထူးဖော်ပြရန် လိုမည် မဟုတ်ပါ။

သို့ရာတွင် ဥပဒေပြုလွှတ်တော်များသည် ဥပဒေပြုခွင့်အာဏာကို အကြွင်းမဲ့ ကျင့်သုံးခွင့် ရှိသည်မှာ မှန်သော်လည်း အကန့်အသတ်များ ရှိနေသည်ကို မမေ့သင့်ပါ။ မြင်ရသော အကန့်အသတ်များမှာ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်း



mgyoe.com

mgyoe.com
SAMPLE BOOK

ချက်များ၏ အကန့်အသတ် ဖြစ်ပါသည်။ ထို့နောက် မိမိတို့အား ကိုယ်စားပြုသော မဲဆန္ဒရှင်များ၏ အလိုဆန္ဒနှင့် နိုင်ငံ၏ လိုအပ်ချက်တို့အား သဟဇာတ ဖြစ်စေခြင်းမှာ မမြင်ရသော အကန့်အသတ် ဖြစ်ပါသည်။ ထို့ပြင် ဥပဒေပြုလွှတ်တော် ကိုယ်စားလှယ်များမှာ ခေတ်သစ် နည်းပညာနယ်ပယ်တွင် အလုံးစုံအောင် လက်လှမ်းမမီနိုင်ခြင်းများလည်း ရှိနေပါသည်။

အချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ဥပဒေပြုလွှတ်တော်အဖြစ် ရပ်တည်နေခြင်း ဖြစ်သည့်အတွက် ထိုလွှတ်တော်၏ ဥပဒေပြုခွင့်အာဏာအား ကန့်သတ် ချုပ်ချယ်ရန် မဖြစ်နိုင်ပါ။ လွှတ်တော်တွင် လွတ်လပ်စွာ ဥပဒေပြုခွင့် ရှိခြင်းဖြင့် နိုင်ငံ၏ ဥပမိရုပ်ကိုလည်း တင့်တယ်စေမည်သာ ဖြစ်ပါသည်။ အချုပ်အခြာအာဏာ ပိုင်စိုးခြင်း လက္ခဏာပင် ဖြစ်ပါသည်။ သို့ရာတွင် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဥပဒေပြုပိုင်ခွင့်အား အကြွင်းမဲ့ ကျင့်သုံးမရနိုင်သည့် မြင်သာသော အတားအဆီးများ ရှိသကဲ့သို့ မမြင်သာသော အတားအဆီးများလည်း ရှိပါသည်။ ယင်းအတားအဆီးများသည် လွှတ်တော်များ၏ ဥပဒေပြုနိုင်ခွင့်ကို ကန့်သတ်ချုပ်ချယ်သည် ဟူ၍ကား သဘောထား၍ မရ။ အချုပ်အခြာအာဏာ၏ ခြွင်းချက်များဟုလည်း မမှတ်ယူရပါ။

ဥပဒေ ရေးဆွဲ ပြဋ္ဌာန်းကြရာတွင် ဂရုထားလေ့ရှိသော အချက်များ ရှိနေပါသည်။ ပထမအချက်မှာ ပြည်သူ အများစုက လိုက်နာကျင့်သုံးနိုင်သည့် ဥပဒေ ဖြစ်ရပါမည်။ ပြည်သူများက လိုက်နာခြင်း မပြု၊ ခုခံ ငြင်းဆန်သည့် ဥပဒေ မဖြစ်ရပါ။ တစ်နည်းအားဖြင့် ပြည်သူ့အလိုဆန္ဒနှင့် နိုင်ငံ၏ လိုလားချက်ကို ချိန်ညှိကာ ပြဋ္ဌာန်းရပါသည်။ ဒုတိယ အချက်မှာ ဥပဒေပြု အာဏာပိုင်အဖွဲ့အတွင်း၌ ဖြစ်ပေါ်ပါသည်။ ဥပဒေပြု အာဏာပိုင်အဖွဲ့ဝင်တိုင်းတွင် ကိုယ်ပိုင်စရိုက်လက္ခဏာ၊ အယူအဆ၊ ပတ်ဝန်းကျင်များ ရှိကြရာ ယင်းအချက်များသည် ဥပဒေပြုပိုင်ခွင့်အပေါ် ကန့်သတ်ချုပ်ချယ်ခြင်းများ ဖြစ်လာပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ယင်းအချက်များအပြင် အစိုးရအဖွဲ့၏ အုပ်ချုပ်ရေးအာဏာနယ်ပယ်အား ကျယ်ပြန့်လာစေသည့်အကြောင်းများ၊ ရွေးကောက်ပွဲဆိုင်ရာစနစ်နှင့် နိုင်ငံရေး၊ စီးပွားရေး ရည်မှန်းချက်ဖြင့် ဖွဲ့စည်း လှုပ်ရှားနေကြသော အသင်းအဖွဲ့များ၏ လွှမ်းမိုးလာမှုများ၊ ပြည်သူ့အသံနှင့် မီဒီယာတို့၏ ဝေဖန်ထုတ်ဖော်ချက်များ၊ တရားစီရင်ရေးလမ်းကြောင်းက ကျင့်သုံးလျက်ရှိသော တရားဥပဒေကို အဓိပ္ပာယ် ဖွင့်ဆိုစီရင်သည့် အခြေအနေများ၊ အပြည်ပြည်ဆိုင်ရာ ကျင့်ဝတ်အရ လိုက်နာရသည့် ကျင့်စဉ်များ စသည်ဖြင့် ထည့်သွင်း စဉ်းစားရပါသည်။

ပြုလုပ်ပြဋ္ဌာန်းလိုက်သော ဥပဒေများသည် ပြည်သူအများယေဘုယျ လိုက်နာကျင့်သုံးနိုင်ခြင်း၊ အဓိပ္ပာယ် ရှင်းလင်းခြင်း၊ တည်ငြိမ်ခြင်း၊ ရှေ့နောက် ညီညွတ်ခြင်း၊ အနာဂတ် အလားအလာ ကောင်းမွန်ရေးကို မျှော်မှန်းထားခြင်း၊ လက်တွေ့ ကျင့်သုံးရာတွင် စာပေသဘော မဆန်ခြင်း၊ မျှမျှတတ ရှိခြင်း စသည့် အင်္ဂါရပ်များနှင့် ပြည့်စုံရပါသည်။

အထက်ပါ စံနှုန်းများဖြင့် ရည်မှန်းချက် ကြီးမားစွာ ထား၍ ရေးဆွဲ ပြဋ္ဌာန်းလိုက်သော ဥပဒေတစ်ရပ်အား ရည်ရွယ်မှန်းထားချက်များအတိုင်း ပြီးမြောက် အောင်မြင်စေရန်မှာ အုပ်ချုပ်သူ အစိုးရအဖွဲ့၏တာဝန် ဖြစ်လာပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လွှတ်တော်၏ ဥပဒေပြုမှုအာဏာ သက်ရောက်ရာ နယ်မြေဒေသအတိုင်း အစိုးရ၏ အုပ်ချုပ်မှုအာဏာ သက်ရောက်စေရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းချက်ဖြင့် အာဏာ အပ်နှင်းထားပါသည်။ ဤသည်မှာ တရားဥပဒေစိုးမိုးမှု၏ တာဝန်ကို အစိုးရအဖွဲ့က ပခုံးပြောင်း လွှဲယူလိုက်ခြင်းပင် ဖြစ်ပါသည်။

ဤစာအုပ်တွင် ပုံမှန် တရားစီရင်ရေးလမ်းကြောင်းဖြင့် ပြည်သူပြည်သားများ၏ အခွင့်အရေး နစ်နာ ဆုံးရှုံးမှုများအား ကုစားဖြေရှင်း မပေးနိုင်သည့်အခါ အခြားနည်းဖြင့် ဥပဒေနှင့်အညီ ပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်သော



mgyoe.com

mgyoe.com
SAMPLE BOOK

စာချွန်တော်အကြောင်းကို ဦးတည် ရေးသားထားပါသည်။ စာချွန်တော် ဟူသည်မှာ အခြေခံ ဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို အကာအကွယ်ပေးသည့် တရားစီရင်ရေးပုံစံပင် ဖြစ်ပါသည်။ နိုင်ငံ၏ တရားဥပဒေ စိုးမိုးရေးကို တစ်နည်းတစ်ဖုံအားဖြင့် ပုံသဏ္ဍာန် ဖော်ပေးသည့် တရားစီရင်ရေး စနစ်တစ်ရပ်လည်း ဖြစ်ပါသည်။

စာချွန်တော် ထုတ်ဆင့်ပေးခြင်းဖြင့် ပြည်သူများ၏ ဥပဒေအရ ခံစားထိုက်သော အခွင့်အရေးများ ရရှိခံစားစေခြင်းသည် နိုင်ငံ့အမြင့်ဆုံး တရားရုံးတစ်ရုံး၏ အာဏာထိန်းကျောင်းခြင်း စနစ်တစ်ရပ်လည်း ဖြစ်ပါသည်။ အင်္ဂလိပ်ရိုးရာ ဥပဒေစနစ် (common law system) ကျင့်သုံးသော အနောက်နိုင်ငံများတွင် လွန်ခဲ့သော နှစ်ပေါင်း များစွာကပင် စာချွန်တော်အမိန့်များ လျှောက်ထား ရယူခဲ့ကြသည့် အစဉ်အလာ ရှိခဲ့ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတွင်လည်း ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို အတည်ပြု ပြဋ္ဌာန်းခဲ့ပြီးနောက် ၁၉၄၈ ခုနှစ်မှစ၍ ကျင့်သုံးခဲ့ဖူးပါသည်။ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရ တက်လာသည့် အချိန်တွင် စာချွန်တော် ငါးမျိုးအနက် အမှုခေါ် စာချွန်တော်တစ်မျိုးသာ လျှင် လျှောက်ထားခွင့် ရှိတော့ပြီး ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာသည့်အခါ စာချွန်တော် လျှောက်ထားသည့်စနစ်မှာ လုံးဝ ကွယ်ပျောက်ခဲ့ပါသည်။

ယခု ၂၀၁၀ ပြည့်နှစ်တွင် အာဏာသက်ရောက်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် စာချွန်တော် ငါးမျိုးကို ယခင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ အစဉ်အလာအတိုင်း လျှောက်ထားခွင့် ပြုလာသည့်အခါ ဤကျင့်သုံးမှုသည် နိုင်ငံ၏ တရားစီရင်စနစ်နှင့် ကင်းကွာခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပြီ ဖြစ်ပါသည်။ စာချွန်လွှာ တစ်ရပ်စီ၏ သဘောသဘာဝနှင့် ကျင့်ထုံးနည်းလမ်းများမှာလည်း တရားစီရင်ရေးနယ်ပယ်တွင် အတန်ငယ် စိမ်းနေပြီဟု ယူဆပါသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

သို့ဖြစ်၍ အခြေခံဥပဒေပါ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးသည့် စာချုန်လွှာများအကြောင်းနှင့် ယင်း၏ ပင်မ မဏ္ဍိုင်အဖြစ် ခြေကုပ်ယူရသော တရားဥပဒေ စိုးမိုးရေး အကြောင်းတို့ကို လက်လှမ်းမီသမျှ အယူအဆများဖြင့် ပြုစုရေးသားခြင်း ဖြစ်ပါကြောင်း ရှေးဦးစကား ဆိုအပ်ပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)

# ကောင်းမွန်သည့် အုပ်ချုပ်ရေး

mgyoe.com

mgyoe.com SAMPLE BOOK



လူအများသည် ၎င်းတို့အား အုပ်ချုပ်လျက်ရှိသည့် အစိုးရ၏ အုပ်ချုပ်မှုစနစ်များအား ဥပဒေနှင့်အညီ မျှမျှတတ ရှိပါပေသည်ဟု ခံစားမိကြပြီဆိုပါလျှင် အချို့သော လွတ်လပ်မှု ရပိုင်ခွင့်များကို ချုပ်ချယ်တားဆီးမှု ရှိစေဦး၊ မိမိတို့ လိုလားသည့် အောင်မြင်မှုအတွက် ဥပဒေဘောင်အတွင်းမှ လိုက်နာ ဆောင်ရွက်ဖို့ ဝန်မလေးကြပါ။

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)
# ကောင်းမွန်သည့် အုပ်ချုပ်ရေး

ကောင်းမွန်သော အုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် (UNDP) က ဖော်ပြသော အခြေခံစည်းမျဉ်း ငါးရပ်ကို ဦးစွာ မိတ်ဆက်ချင်ပါသည်။

'ပထမအချက်'မှာ ကျား-မ မရွေး လူတိုင်းသည် ၎င်းတို့အား ကိုယ်စားပြုသော အဖွဲ့အစည်းက ဆုံးဖြတ်ချက်ချရန် ရှိသည့် အခါတိုင်း တိုက်ရိုက် ဖြစ်စေ၊ သတ်မှတ်ပေးထားသော တင်ပြရမည့်အစီအစဉ် လမ်းကြောင်းမှတစ်ဆင့် ဖြစ်စေ ပြောရေးဆိုခွင့် ရှိရမည် ဟူ၍ ဖြစ်သည်။ အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်ကို ချမှတ်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင် ဆောင်ရွက်စေခြင်း ဖြစ်ရာ ဤစည်းမျဉ်းသည် လွတ်လပ်စွာ အသင်းဖွဲ့စည်းခွင့်နှင့် လွတ်လပ်စွာ ပြောဆိုခွင့် သဘောတရားအပေါ် အခြေခံ ချမှတ်ထားခြင်း ဖြစ်ပါသည်။ တစ်ပြိုင်နက်တည်းမှာပင် အဖွဲ့အစည်းဝင်တိုင်း၏ ကောင်းရာကောင်းကြောင်း ပူးပေါင်းဆောင် ရွက်နိုင်စွမ်းကိုလည်း အခြေခံပါသည်။

အဖွဲ့အစည်းတိုင်းပင်လျှင် အဖွဲ့အစည်း၏ လူပုဂ္ဂိုလ်၊ အလွှာ၊ အစုအဖွဲ့များအကြားတွင် ခံစားခွင့် အခွင့်အလမ်းများ မတူညီနိုင်ပါ။ တူညီအောင် ဆောင်ရွက်၍လည်း မရနိုင်ပါ။ ကောင်းမွန်သော အုပ်ချုပ်မှု


mgyoe.com

mgyoe.com
SAMPLE BOOK

သည် အဖွဲ့အစည်းအတွင်း ကွာဟနေသော ခံစားခွင့်များကို အဖွဲ့အစည်းဝင် အများစု အကျိုးအတွက် အကောင်းဆုံး ဖြစ်ထွန်းအောင် ဖော်ဆောင်နိုင်မည့် မူဝါဒနှင့် ကျင့်သုံးမှု နည်းလမ်းများအား ချိန်ညှိပေးပါသည်။

'ဒုတိယအချက်'မှာ လူထုနှင့် လူထုခေါင်းဆောင်များ၏ အတွေးအမြင် ဦးတည်ချက် ဖြစ်ပါသည်။ လူထုသည် လည်းကောင်း၊ ခေါင်းဆောင်သည် လည်းကောင်း မိမိတို့ အဖွဲ့အစည်းတွင် ကောင်းမွန်သော အုပ်ချုပ်မှုဖြင့် အားလုံး ဖွံ့ဖြိုး တိုးတက်လာစေမည်ဟု အရှည်မျှော်တွေးသော သဘောထား ကျယ်ကျယ်ပြန့်ပြန့် ထားရှိသည့် ဦးတည်ချက် ဖြစ်ပါမည်။ ထိုဦးတည်ချက်သည် ဆိုင်ရာ အဖွဲ့အစည်း၏ သမိုင်းအရ လည်းကောင်း၊ ယဉ်ကျေးမှုအရ လည်းကောင်း၊ အဖွဲ့အစည်းအတွင်း ထွေးရောယှက်တင် ပေါင်းသင်းနေထိုင်ခဲ့ကြသည့် အစဉ်အလာ အလေ့အထများအရ လည်းကောင်း ပေါ်ထွက်လာခြင်း ဖြစ်ရပါမည်။

'တတိယအချက်'မှာ အဖွဲ့အစည်းတိုင်း၊ အဖွဲ့အစည်း၏ ဆောင်ရွက်မှု ဖြစ်စဉ်တိုင်းသည် အဖွဲ့အစည်းဝင် အားလုံးအတွက် ဖြစ်ရပါမည်။ ၎င်းတို့သည် စီးပွားအရင်းအမြစ်များကို အဖွဲ့၏ အကျိုးစီးပွားအတွက် အစွမ်းကုန် အသုံးချရာတွင် ပေါ်ပေါက်လာတတ်သော ချို့ယွင်းချက်များအား ဖြည့်ဆည်းနိုင်သည့် စွမ်းဆောင်ရည် ရှိရပါမည်။

'စတုတ္ထအချက်'မှာ တာဝန်ခံမှု ဖြစ်ပါသည်။ အစိုးရ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူမှုရေး အဖွဲ့အစည်းများသည် အဖွဲ့ဝင်များသာမက အများပြည်သူကပါ ယုံကြည် စိတ်ချသော တာဝန်ခံမှု ရှိရပါမည်။ အဖွဲ့အစည်းကို လိုက်၍ ဖြစ်စေ၊ ဆုံးဖြတ်ရသည့်ကိစ္စ (အဖွဲ့အစည်းတွင်း/ပြင်ပ) ကို လိုက်၍ ဖြစ်စေ တာဝန်ခံမှု အတိုင်းအတာ ခြားနားနိုင်ပါသည်။ သို့ရာတွင် တာဝန်ခံမှုနှင့် တွဲလျက် မဖြစ်မနေ ပါဝင်နေသည့် ကျန်အချက်မှာ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခြင်းဟူသည့် အားလုံး ပြောနေကြသော transperancy ဖြစ်ပါသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

ပွင့်လင်းမြင်သာခြင်း ဆိုသည်မှာ သတင်းအချက်အလက်များအား အတားအဆီး မရှိ စီးဆင်းစေခြင်းသဘောကို အခြေခံပါသည်။ အဖြစ်အပျက်နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ပုံ အခြေအနေ၊ ဖွဲ့စည်းမှု အခြေအနေ၊ ဖြစ်ပေါ်မှု အခြေအနေတို့အား သက်ဆိုင်သူ အားလုံးတို့ထံသို့ တိုက်ရိုက် သက်ရောက်စေနိုင်ရပါမည်။ အခြေအနေအမှန်ကို နားလည်သိရှိလောက်သော သတင်းပေးမှုမျိုး ဖြစ်စေရပါသည်။

'နောက်ဆုံးအချက်'မှာ သာတူညီမျှစေခြင်း ဖြစ်ပါသည်။ ကျား-မ အားလုံးသည် မိမိ တိုးတက်ရာ တိုးတက်ကြောင်းအတွက် ရပ်တည်ရှင်သန်ကြရာတွင် အခွင့်အလမ်းအားလုံး သာတူညီမျှ ဖြစ်စေရပါမည်။ သို့ဖြစ်ရာ အထူးသဖြင့် အခြေခံ လူ့အခွင့်အရေးများနှင့် စပ်လျဉ်းသည့် ဥပဒေရေးရာများတွင် ဘက်လိုက်မှု ကင်းရှင်းကာ နှစ်ဖက် မျှမျှတတ ရှိစေသည့် ဥပဒေ စိုးမိုးရေး ရှိရပါမည်။

၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေ ညီလာခံက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို အတည်ပြုထုတ်ပြန် ကြေညာခဲ့ပါသည်။ အဖွဲ့ဝင်နိုင်ငံ အားလုံးအား ဤကြေညာစာတမ်း၏ စာသားကို အများပြည်သူတို့ သိရှိစေရေးအတွက် ဆောင်ရွက်ရန်နှင့် နိုင်ငံများ သို့မဟုတ် နယ်မြေများ၏ နိုင်ငံရေး အဆင့်အတန်းကို ခွဲခြားမှု မပြုဘဲ အဓိကအားဖြင့် ကျောင်းများနှင့် အခြားပညာရေး အဖွဲ့အစည်းများတွင် ကြေညာစာတမ်းကို ဖြန့်ချိဝေငှစေရန်၊ မြင်သာအောင် ပြသထားစေရန်၊ ဖတ်ကြားစေရန်နှင့် အဓိပ္ပာယ် ရှင်းလင်း ဖော်ပြစေရန် ပန်ကြားခဲ့သည်။ ယင်းကြေညာစာတမ်းတွင် အပိုဒ် ၃၀ ပါရှိပါသည်။

လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်များအတွက် ပြဋ္ဌာန်းထားခြင်း ဖြစ်ရာ အကျယ်တဝင့် ဆင်ခြင်နိုင်ရန် ဤနေရာတွင် ၎င်း ကြေညာစာတမ်း၏ နိဒါန်းကို ဖော်ပြလိုပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

## ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း နိဒါန်း

- လူသားအားလုံး၏ မွေးရာပါ ဂုဏ်သိက္ခာနှင့် တန်းတူညီမျှ ရှိပြီး ဖယ်ရှား ထုတ်ပယ်၍ မရသော အခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် ဤကမ္ဘာပေါ်တွင် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှုတို့အတွက် အခြေခံအုတ်မြစ် ဖြစ်သောကြောင့် လည်းကောင်း၊
- လူ့အခွင့်အရေးကို အလေးမထား မထီမဲ့မြင် ပြုခြင်းသည် လူသားတို့၏ အကောင်းအဆိုး အကြောင်းအကျိုး ဆင်ခြင်နိုင်စွမ်းကို ဖျက်ဆီးသည့် ရိုင်းစိုင်းရက်စက်သော အပြုအမူများ ဖြစ်ပေါ်စေခဲ့သောကြောင့် လည်းကောင်း၊
- လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်၊ လွတ်လပ်စွာ သက်ဝင်ယုံကြည်ခွင့်၊ ကြောက်ရွံ့ခြင်းနှင့် ချို့တဲ့ခြင်းမှ လွတ်ကင်းခွင့်တို့ကို ရရှိခံစားရမည့် လူ့ဘောင်လောကတစ်ရပ် ပေါ်ပေါက်လာရေးကို သာမန်လူသားအားလုံး၏ အမြင့်မားဆုံးသော မျှော်မှန်းချက်အဖြစ် ကြေညာပြီး ဖြစ်သောကြောင့် လည်းကောင်း၊
- အာဏာ သုံး၍ တရားလက်လွတ် အုပ်ချုပ်မှုနှင့် ဖိနှိပ်ချုပ်ချယ်မှုတို့ကို လူက နောက်ဆုံးနည်းလမ်းအနေဖြင့် ဆန့်ကျင် ပုန်ကန်သည့် အခြေအနေသို့ မရောက်ရှိစေရေးအတွက် လူ့အခွင့်အရေးကို ဥပဒေ စိုးမိုးမှုဖြင့် ကာကွယ်ပေးရန် မဖြစ်မနေ လိုအပ်သောကြောင့် လည်းကောင်း၊
- နိုင်ငံချင်း ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှု ဖွံ့ဖြိုးရေးကို မြှင့်တင်ရန် မဖြစ်မနေ လိုအပ်သောကြောင့် လည်းကောင်း၊
- ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံများ၏ ပြည်သူအပေါင်းတို့သည် အခြေခံ လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာနှင့် တန်ဖိုး၊ အမျိုးသားနှင့် အမျိုးသမီး တန်းတူအခွင့်အရေး ရှိမှုတို့ကို ၎င်းတို့ သက်ဝင်



mgyoe.com

mgyoe.com
SAMPLE BOOK

ယုံကြည်ကြောင်း ကုလသမဂ္ဂ ပဋိညာဉ်၌ ထပ်မံအတည်ပြုခဲ့ပြီး ပိုမိုကျယ်ပြန့်သည့် လွတ်လပ်မှုအတွင်း လူမှုရေး တိုးတက်ရေးနှင့် လူ့ဘဝ အဆင့်အတန်း တိုးတက် ကောင်းမွန်ရေးတို့ကို မြှင့်တင်ရန် သန္နိဋ္ဌာန်ချပြီး ဖြစ်သောကြောင့် လည်းကောင်း၊

- ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတို့သည် ကုလသမဂ္ဂအဖွဲ့နှင့် ပူးပေါင်း၍ လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်များကို ကမ္ဘာတစ်ဝန်းလုံးက ပိုမိုမြှင့်တင် လေးစားလိုက်နာ ကျင့်သုံးကြစေရေးအတွက် ဆောင်ရွက်ရမည်ဟု ကတိပြုပြီး ဖြစ်သောကြောင့် လည်းကောင်း၊
- အဆိုပါ လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အတူတကွ နားလည်မှု ရှိခြင်းသည် ဤကတိကဝတ်ကို အပြည့်အဝ အကောင်အထည်ဖော်စေရေးအတွက် အရေးကြီးဆုံး ဖြစ်သောကြောင့် လည်းကောင်း၊
- လူတိုင်း၊ အဖွဲ့အစည်းတိုင်းက ဤကြေညာစာတမ်းကို အစဉ်နှလုံးသွင်းလျက် ကမ္ဘာတစ်ဝန်းလုံးတွင် အဆိုပါ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို လေးစားကြစေရန် သင်ကြားခြင်း၊ အသိပညာပေးခြင်းဖြင့် အားထုတ်ကြစေရန်အတွက် လည်းကောင်း၊
- ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများနှင့် ထိုနိုင်ငံတို့၏ စီရင်ပိုင်ခွင့် အာဏာအောက်ရှိ နယ်ပယ်အတွင်းမှ တိုင်းသူပြည်သားများက အဆိုပါ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကျယ်ပြန့်ထိရောက်စွာ အသိအမှတ်ပြု လိုက်နာ ကျင့်သုံးစေရန်အလို့ငှာ နိုင်ငံအဆင့်နှင့် အပြည်ပြည်ဆိုင်ရာအဆင့်တို့တွင် တိုးတက်သော အစီအမံများဖြင့် အားထုတ်ကြစေရန်အတွက် လည်းကောင်း


mgyoe.com

mgyoe.com
SAMPLE BOOK

ရည်ရွယ်လျက် နိုင်ငံခပ်သိမ်း၊ လူခပ်သိမ်းတို့ အောင်မြင်မှု ရရှိရန် ဆောင်ရွက်ကြရမည့် အားလုံးနှင့်ဆိုင်သော စံတစ်ရပ်အဖြစ် ကုလသမဂ္ဂ အထွေထွေညီလာခံက ဤကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ယခု ထုတ်ပြန် ကြေညာလိုက်သည်။

ကောင်းမွန်သော အုပ်ချုပ်မှုအကြောင်းကို စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါမောက္ခ Tommy Koh ကလည်း ထိုင်းနိုင်ငံ၌ ၇-၁၀-၂၀၀၉ နေ့က ကျင်းပသော အလုပ်ရုံ ဆွေးနွေးပွဲ၌ အကျယ်တဝင့် ဆွေးနွေးဖူးပါသည်။ ယင်း၏ ဆွေးနွေးချက်တွင် ကောင်းမွန်သော အုပ်ချုပ်ရေးတွင် အောက်ပါ အချက်များ ပါဝင်ကြောင်း ဖော်ပြခဲ့ပါသည်။

(က) လူမျိုး၊ ကိုးကွယ်မှု၊ လူ့အတန်းအစား မခွဲခြားဘဲ အရည်အသွေးအလျောက် ထိုက်တန်သူများဖြင့် အုပ်ချုပ်ရေး သဘောတရား (the principle of meritocracy)၊

(ခ) လူမျိုးရေးရာနှင့် ဘာသာကိုးကွယ်မှုရေးရာတို့ကို လိုက်လျောညီထွေ ဖြစ်စေရန် ထိန်းသိမ်း စောင့်ရှောက်ရေး သဘောတရား ( the principle of racial and religious harmony)၊

(ဂ) ဦးစီးခေါင်းဆောင်မှုစ၍ အဂတိ ကင်းစင်ခြင်းဖြင့် သန့်ရှင်းသော အစိုးရ ဖွဲ့စည်းမှု (clean government)၊

(ဃ) အခွင့်အာဏာ ပိုင်စိုးမှုနှင့် ဓနဥစ္စာ ကြွယ်ဝမှုတို့ကြောင့် ခွဲခြားဆက်ဆံမှုမျိုး မရှိစေရဘဲ ဥပဒေနှင့်အညီ မျှတစေသည့် နည်းလမ်းဖြင့် လူအများ၏ ယုံကြည်မှုကို တည်ဆောက်ပေးနိုင်စွမ်းသော တရားဥပဒေ စိုးမိုးမှု (rule of law)၊

(င) နေထိုင်မှု၊ ပညာသင်ကြားမှု၊ ကျန်းမာမှု၊ အများပြည်သူဆိုင်ရာ သယ်ယူပို့ဆောင်မှုတို့တွင် လူ့အသိုက်အဝန်း တစ်ရပ်လုံးအား တန်းတူညီမျှစွာ ဖွံ့ဖြိုး တိုးတက်စေရေး မျှော်မှန်းချက် (the philosophy of inclusive growth)၊


mgyoe.com

mgyoe.com SAMPLE BOOK

(စ) သန့်ရှင်းစွာ ရှင်သန်သည့် နိုင်ငံရေးရပ်ဝန်းနှင့်အတူ သဘာဝပတ်ဝန်းကျင်အား ဂရုတစိုက် ထိန်းသိမ်းမှု (care for the environment and green politics)။

ကောင်းမွန်သော အုပ်ချုပ်မှုတိုင်းတွင် မပါမဖြစ် ပါဝင်သော အချက်များအဖြစ် အစိုးရအဖွဲ့၏ အဂတိ ကင်းစင်မှု၊ တရားဥပဒေစိုးမိုးမှု၊ အများပြည်သူအကျိုး ရှေးရှုမှုတို့ကို တွေ့ရပါသည်။ ဤ သုံးချက်တွင်လည်း တရားဥပဒေ စိုးမိုးမှုက ပဓာနကျနေကြောင်း တွေ့ရပါသည်။

## တရားဥပဒေ စိုးမိုးမှု

'နိုင်ငံ' ဟူသော အဖွဲ့အစည်းတွင် အုပ်ချုပ်သူ အစိုးရနှင့် အုပ်ချုပ်ခံပြည်သူများအကြား အခွင့်အရေးများ၊ နှစ်ဖက် တာဝန်ရှိမှုများကို သတ်မှတ်ပေးရသော ဥပဒေများ ရှိပါသည်။ နိုင်ငံ၏ ဥပမိရုပ်အား ထိုနိုင်ငံတွင် ပြဋ္ဌာန်းထားသော ဥပဒေများဖြင့် ပုံဖော်ကြည့်ပါက အလွယ်တကူမြင်နိုင်ပါသည်။

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အခွင့်အရေးများနှင့် တာဝန်များကို ဖော်ပြထားသည့် ဥပဒေများသည် နိုင်ငံ၏ ဥပမိရုပ်ကို ဖန်ဆင်းသည့် အုတ်ခဲများ ဖြစ်သည် ဆိုပါစို့။ ထိုအုတ်ခဲများ တစ်ချပ်နှင့် တစ်ချပ် စွဲမြဲစေရန် စည်းနှောင်မည့် အင်္ဂတေ လိုပါသည်။ ယင်းအင်္ဂတေမှာ တရားဥပဒေ စိုးမိုးရေးပင် ဖြစ်ပါသည်။ ဥပဒေကို မည်သို့ပင် ပြဋ္ဌာန်းထားပါစေ၊ ထိုဥပဒေအတိုင်း အစိုးရနှင့် ပြည်သူများက လိုက်နာ ကျင့်သုံးစေရန် ဖော်ဆောင်မပေးနိုင်ပါက ထိုနိုင်ငံ ဥပမိရုပ် ပြိုကျ ပျက်သုဉ်းမည်သာ ဖြစ်ပါသည်။

တရားဥပဒေ စိုးမိုးမှုအင်္ဂတေ ဆိုသည်မှာ အုပ်ချုပ်သူများအပေါ် အုပ်ချုပ်ခံ အများပြည်သူ၏ ယုံကြည်အားထား စိတ်ချမှု တည်ဆောက်ခြင်းဖြင့်သာ ဖော်စပ်၍ ရနိုင်ပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK

အုပ်ချုပ်မှုစနစ်သည် မျှတသည်၊ အဂတိကင်းစင်သည်၊ အမှုအခင်းတွင်လည်း မျှမျှတတ ထိထိရောက်ရောက် ကြားနာနေသည်၊ မိမိကိုလည်း မျှတ မှန်ကန်စွာ ကြားနာခွင့် ပေးထားသည်၊ အရာအားလုံးသည် ဥပဒေအရာတွင် အခွင့်အလမ်း တန်းတူညီမျှသာ ဖြစ်သည်၊ ပြဋ္ဌာန်းထားသည့် ဥပဒေများမှာလည်း နှစ်ဖက် မျှတရုံသာမက မျှတအောင်လည်း အားထုတ်ပြဋ္ဌာန်းထားသည် ဟူ၍ ခံစားသိမြင်နေကြလျှင် အုပ်ချုပ်သူအပေါ် ယုံကြည်စိတ်ချမှု ရှိကာ တရားဥပဒေ စိုးမိုးပါလိမ့်မည်။

## သွင်ပြင်လက္ခဏာ

တရားဥပဒေ စိုးမိုးခြင်း၏ သွင်ပြင် လက္ခဏာများအဖြစ် အောက်ပါအချက် ခုနစ်ချက်ကို Lord Soley (House of Lords UK) က ဒူဘိုင်းနိုင်ငံတွင် တရားဥပဒေ စိုးမိုးရေးအကြောင်း ပို့ချခဲ့သည့် ဆွေးနွေးချက်မှ ကောက်နုတ် ဖော်ပြလိုပါသည်။

(က) တရားဥပဒေနှင့်အညီ စစ်ဆေး စီရင်ခံရခြင်းမှအပ မည်သူ့မျှ ပြစ်ဒဏ်ချမှတ်ခံထိုက်ခြင်း မရှိစေရ။

လူတစ်ဦး အပြစ် ရှိ မရှိ ဆုံးဖြတ်နိုင်ရန် ထိုက်သင့်သော ဥပဒေအရ ကြားနာမှု လိုအပ်ပါသည်။ အုပ်ချုပ်မှုကိစ္စတွင် ဖြစ်စေ၊ တရားစီရင်မှုကိစ္စတွင် ဖြစ်စေ တစ်ဖက်သတ် အမိန့်ချမှတ်ဆောင်ရွက်တတ်သော အလေ့အထ ရှိတတ်ပါသည်။ ထိုအလေ့အထမျိုး မကျင့်သုံးနိုင်လောက်အောင် ဥပဒေများ ပြဋ္ဌာန်းထားရပါမည်။

(ခ) အားလုံးသည် ဥပဒေအရာတွင် အညီအမျှ ဖြစ်သည်။

အင်္ဂလိပ်စာလုံးကို တိုက်ရိုက် ပြန်ဆိုထားသည့် စကား ဖြစ်၍ အဓိပ္ပာယ်မပေါ်လွင် ဖြစ်နေပါသည်။ အုပ်ချုပ်သူ၊ အုပ်ချုပ်ခံ၊ အသက်၊ ကျား၊ မ၊ ဘာသာ၊ လူမျိုး၊ လူမျိုးစု မရွေး ဥပဒေအရ ရင်ဆိုင်ဖြေရှင်းရာတွင် ရရှိခံစားထိုက်သော အခွင့်အရေးမှာ


mgyoe.com

mgyoe.com
SAMPLE BOOK

အားလုံး ညီတူညီမျှသာ ဖြစ်ရပါမည်။ မိမိ၏ ရပ်တည်ချက် တစ်ရပ်ကို အကြောင်းပြု၍ အပေါ်စီးမှ အခွင့်ထူးခံ မရှိစေရ။

(ဂ) တရားသူကြီးသဖွယ် ဆောင်ရွက်ခွင့် ရသူတိုင်းသည် လွတ်လပ်စွာ ရပ်တည် ဆောင်ရွက်ရမည်၊ ဘက်လိုက်မှု မရှိစေရ။

တရားသူကြီးတွင် တာဝန် ရှိသကဲ့သို့ တရားသူကြီးအဖြစ် တာဝန်ပေးအပ်ရသူ၏ တာဝန်မှာလည်း ကြီးလေးပါသည်။ တရားသူကြီးများသည် အမှု ဆုံးဖြတ်မှုအပေါ် သက်ရောက်စေနိုင်သည့် ပြင်ပ ပယောဂများကို ဘေးဖယ်ထားပြီး စိုးရိမ်ကြောင့်ကြမှု (ဘယာဂတိ)၊ အကျိုးလိုလားမှု (ဆန္ဒာဂတိ) ကင်းရှင်းစွာဖြင့် ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း စီရင်ဆုံးဖြတ်နိုင်စွမ်း ရှိရပါမည်။ အဂတိ လိုက်စားမှု ကင်းရှင်းရုံသာမက အုပ်ချုပ်သူ အစိုးရနှင့် အစိုးရအမှုထမ်းတို့၏ ဝင်ရောက် စွက်ဖက်မှုကြောင့် အမှု ဆုံးဖြတ်ချက် အကျိုးဆက်အား ထိခိုက်သွားခြင်းလည်း မရှိစေရပါ။

(ဃ) စတုတ္ထအချက်မှာ သူတစ်ဦးအား အပြစ်ပေးနိုင်လောက်အောင် ထွက်ဆိုလာစေသည့် နှိပ်စက် ညှဉ်းပန်းမှုကို လက်မခံရခြင်း ဖြစ်ပါသည်။

တရားခံ အပြစ်ရှိစေသည့် ဖြောင့်ဆို ဝန်ခံချက်များ ရရေးအတွက် ရှေးကပင် နှိပ်စက် ညှဉ်းပန်းခဲ့သည့် အလေ့အထ ရှိခဲ့ကြပါသည်။ အပြစ် ကျူးလွန်သူတစ်ဦးထံမှ အပြစ်ရှိပါကြောင်း ဝန်ခံချက်ကို ရနိုင်ရန် ဆောင်ရွက်ကြခြင်း ဖြစ်ရာ လွန်ကဲလာပါလျှင် အပြစ်မဲ့သူများ၊ အမှု မကျူးလွန်သူများကိုပါ အတင်းအကျပ် ဝန်ခံခိုင်းစေလာနိုင်ပါသည်။

(င) ပဉ္စမမှာ အချုပ်အနှောင် ခံရသူတစ်ဦးသည် ၎င်းအား အဘယ်ကြောင့် ချုပ်နှောင်ခြင်း ဖြစ်သည်ကို ထိုက်သင့်သည့် နှောင့်နှေးမှု မရှိစေဘဲ တရားရုံးရှေ့တွင် အရေးဆိုခွင့် ရှိရပါမည်။


mgyoe.com

mgyoe.com SAMPLE BOOK

အကြွင်းမဲ့ အာဏာပိုင်များသည် အုပ်ချုပ်ခံ ပြည်သူများအား လွတ်လပ်သည့် တရားရုံးရှေ့သို့ မတင်ပို့ဘဲ အချိန်ကြာမြင့်စွာ ချုပ်နှောင် ထိန်းသိမ်းထားကြသည်။ အဘယ်ကြောင့် ချုပ်နှောင်ကြောင်းကိုလည်း ထိုပြည်သူက အရေးဆိုခွင့် မရှိ၊ စူးစမ်းမေးမြန်းခွင့် မရခဲ့ကြပါ။ ဤသို့ စီမံဆောင်ရွက်ခွင့် စနစ်ကိုပင် မိမိတို့ အာဏာပိုင်စိုးမှု၏ မှတ်ကျောက်အဖြစ် ခံယူထားကြပါသည်။

(စ) ဆဋ္ဌမမှာ ဥပဒေကို လိုက်နာကျင့်သုံးရာတွင် အုပ်ချုပ်သူအစိုးရ အရာရှိ ဖြစ်စေ၊ တရားသူကြီး ဖြစ်စေ ယင်း၏ ဆင်ခြင်တုံတရား ကျင့်သုံးခွင့်သည် ဥပဒေက သတ်မှတ်ပေးထားသည့် ဘောင်အတွင်းမှသာ ဖြစ်ရပါမည်။

ထိုဘောင်ကို ကျော်လွန်၍ ကျင့်သုံးဆောင်ရွက်သည် ဆိုပါလျှင် ထိုဆောင်ရွက်မှုအပေါ် အရေးဆိုပိုင်ခွင့် ရှိသော ဥပဒေစနစ် ရှိရပါမည်။

(ဆ) သတ္တမမှာ မျှတစွာ ကြားနာခွင့် ဖြစ်ပါသည်။ အလွန်အရေးကြီး၊ အရေးပါပါသည်။ ခုခံ ကာကွယ်ရမည့်သူသည် သင့်တင့်လျောက်ပတ်စွာ မတင်ပြနိုင်၊ တင်ပြခွင့် အပေါ် အဟန့်အတား အနှောင့်အယှက်များ ရှိနေသည် ဆိုပါက ပြည်သူများအနေဖြင့် ထိုဥပဒေစနစ်ကို အယုံအကြည် ရှိကြတော့မည် မဟုတ်ပါ။

အထက်ဖော်ပြပါ အချက်များမှာ အလုံးစုံ ပြည့်စုံပြီဟု မဆိုလိုပါ။ သို့ရာတွင် လူ့အဖွဲ့အစည်းအား လွတ်လပ်မှု၊ အေးချမ်း တည်ငြိမ်မှု၊ ကြွယ်ဝစေမှုများအတွက် ပဓာနကျသော အချက်များအဖြစ် တင်ပြခြင်း ဖြစ်ပါသည်။ တရားဥပဒေ စိုးမိုးရေး၏ အခြေခံ ပုံသဏ္ဌာန်ဟုလည်း ဆိုနိုင်ပါသည်။

တရားဥပဒေ၏ စိုးမိုးမှုသည် နိုင်ငံ တည်ငြိမ်ရေး၊ ကြွယ်ဝချမ်းသာရေးကို ပေးစွမ်းနိုင်ပါသည်။ နှစ်ဖက် အငြင်းအခုံ ဖြစ်ကြရသည့် ကိစ္စ


mgyoe.com

mgyoe.com SAMPLE BOOK

များကို အဖြေရှာကြရာတွင် အများနားလည် လက်ခံပြီးသည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဖြေရှင်းရန် လမ်းကြောင်းကိုလည်း ဖြစ်ထွန်းစေပါသည်။ ထို့ပြင် အစိုးရကို ဖြစ်စေ၊ အခြား နိုင်ငံရေးအင်အားစုများကို ဖြစ်စေ အတိုက်အခံ ပြုလုပ်လိုသူများ၏ အခွင့်အရေးကို ပုန်းလျှိုးကွယ်လျှိုး ထိန်းချုပ်စရာ မလိုသည့် နိုင်ငံရေး တည်ငြိမ်မှုကိုလည်း ဖြစ်ထွန်းစေပါသည်။

မျက်မှောက်ကာလတွင် ပြည်သူပြည်သား အများစုသည် သူတို့၏ အသက်မွေးမှုပုံစံ၊ သူတို့အား အုပ်ချုပ်သည့် အဖွဲ့အစည်းပုံစံတို့ကို အပြောင်းအလဲ လုပ်ချင်လာကြသည်။ မည်သည့်ပုံစံကသာ စံပြု လိုက်နာထိုက်သည့် ပုံစံ ဖြစ်ကြောင်းလည်း မသိနိုင်ကြသည့်တိုင် အများစုသော လူ့အဖွဲ့အစည်းများသည် အပြောင်းအလဲကို လိုလားနေကြပါသည်။ ရှေးရှု ဆောင်ရွက်နေကြပါသည်။ ဤအခါတွင် တရားဥပဒေ စိုးမိုးမှုကို စောစော တည်ဆောက်နိုင်လေလေ အပြောင်းအလဲကြောင့် အသွင်ကူးပြောင်းကာလ ထိခိုက်ဆုံးရှုံးမှု လျော့ပါးလေလေ ဖြစ်သည်ကို သတိထားရန် လိုပါသည်။

## စံပြုမျှော်မှန်းချက်များ

နိုင်ငံအများသည် မိမိတို့ လူ့အဖွဲ့အစည်းအား ဆူပူ လှုပ်ရှားစေသည့် အခြေအနေကို မလိုလားကြပါ။ အေးချမ်းသည့် လူ့ဘောင်ကို မျှော်မှန်း ဆောင်ရွက်လျက် ရှိကြရာ တရားဥပဒေ စိုးမိုးမှု မရှိသရွေ့ ထိုမျှော်မှန်းချက်သို့ မရောက်နိုင်သည်မှာလည်း မြင်သာပါသည်။ အေးချမ်းသည့် လူ့ဘောင် ဆိုသည်မှာလည်း လူအများ၏ ဆန္ဒကို မျက်ကွယ်မပြုမှသာ တည်ဆောက်၍ ရပါသည်။

တရားဥပဒေ စိုးမိုးမှုသည် လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်ကို အကာအကွယ်ပေးသည့်နည်းတူ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဆောင်ရွက်ရသော အစိုးရ၏ အုပ်ချုပ်မှု အခွင့်အာဏာကိုလည်း အကာအကွယ် ပေးပါသည်။ လွတ်လပ်မှု ဆိုတိုင်း ခြွင်းချက်မရှိ


mgyoe.com

mgyoe.com SAMPLE BOOK

လွတ်လပ်ခွင့်ကား မဟုတ်ပါ။ ဥပမာအားဖြင့် လူစုလူဝေးတစ်ခုအတွင်း ဝင်ရောက်ပြီး "ပစ်ကြပြော့၊ ပစ်ကြပြော့" ဟု အသံကုန် အော်ဟစ်လိုက်သူတစ်ဦးအား လွတ်လပ်စွာ ပြောဆိုခွင့် ဆိုသည့် အခွင့်အရေးက အကာအကွယ်ပေးလိမ့်မည် မဟုတ်ပါ။

လွတ်လပ်ခွင့်ကို ကျင့်သုံးပိုင်ခွင့်ကိစ္စအား တွေးရိုးတွေးစဉ်အတိုင်း တစ်သမတ်တည်း၊ တစ်ဖြောင့်တည်း စဉ်းစားဆောင်ရွက်၍ မရနိုင်ပါ။ လူ့အဖွဲ့အစည်းသည် နိုင်ငံရေး ယုံကြည်မှု၊ ဘာသာကိုးကွယ်မှု၊ အစဉ်အလာ ယဉ်ကျေးမှု အသီးသီးတို့ဖြင့် လွန်ခဲ့သည့် ရာစုနှစ်ပေါင်းများစွာကပင် ထွေးရောယှက်တင် ပေါင်းစပ်ဖွဲ့စည်းထားသည် ဖြစ်ရာ လွတ်လပ်ခွင့် ဆိုသော စကားသည် အနက်အဓိပ္ပာယ် ရှင်းလင်းနေသလောက် ကျင့်သုံးမှု အပိုင်းတွင် ရှင်းရှင်းလင်းလင်း မရှိနိုင်သည်မှာ မြင်သာပါသည်။

လွတ်လပ်စွာ ပြောရေးဆိုခွင့်၊ စုဝေးခွင့်တို့သည် နိုင်ငံတစ်ခု၏ အေးချမ်းစွာ တည်ရှိနေမှုကို အစွန့်ရှည်စေနိုင်ပါသည်။ တစ်ဖက်တွင်လည်း လွတ်လပ်စွာ ပြောရေးဆိုခွင့်နှင့် စုဝေးခွင့်သည် အစွန်းရောက်သွားမည်ဟု ဆိုပါက မင်းမဲ့စရိုက်ဝါဒကို ဦးတည်သွားမည် ဖြစ်ရာ ဤအခြေအနေသည် အကြွင်းမဲ့အာဏာရှင်ကို မွေးဖွားပေးရာ ရောက်စေနိုင်ပါသည်။ သို့ဖြစ်ရာ လွတ်လပ်စွာ ပြောရေးဆိုခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်တို့မှာ ဥပဒေဖြင့် အကာအကွယ်ပေးထားရမည် ဖြစ်သကဲ့သို့ ဥပဒေဖြင့်ပင် ပိုင်းခြားကန့်သတ် (must be protected by law and limited by law) ထားခြင်းဖြင့်သာ ရေရှည်တည်တံ့ခိုင်မြဲသည့် ဥပဒေစိုးမိုးရေး ဖြစ်ထွန်းမည်၊ နိုင်ငံအေးချမ်းသာယာမှုလည်း ရေရှည် တည်တံ့ခိုင်မြဲမည် ဖြစ်ပါသည်။

ဒုတိယ မျှော်မှန်းချက်မှာ တစ်ဖက်သတ်၊ တစ်နည်းအားဖြင့် ဥပဒေနှင့်အညီ နှစ်ဖက် မျှမျှတတ ကြားနာမှု မရှိဘဲ အဆုံးအဖြတ်ပေးသည့် အလေ့အကျင့် ပျောက်ကွယ်သွားစေခြင်းဖြင့် အစိုးရ၏ အုပ်ချုပ်မှု ယန္တရား၊ တရားစီရင်ရေး ယန္တရားအပေါ် ပြည်သူအများ၏ ယုံကြည်


mgyoe.com

mgyoe.com
SAMPLE BOOK

အားထားမှုကို ရယူနိုင်မည် ဖြစ်မည်။ ပြည်သူ့အရေးအရာ ကိစ္စများကို အုပ်ချုပ်ရေးအရ ဖြစ်စေ တရားစီရင်ရေးအရ ဖြစ်စေ ဖြေရှင်းရာတွင် ဥပဒေနှင့်အညီသာ ဖြစ်ရမည်ဟု ပြည်သူများက သက်ဝင်ယုံကြည်နေခြင်းဖြင့် အစိုးရအပေါ် ယုံကြည်စိတ်ချလာမည် ဖြစ်သည်။

တတိယမှာ အရာရာတွင် ဥပဒေနှင့်အညီသာ ဖြစ်ကြောင်း ယုံကြည်စိတ်ချလာသည်နှင့်အမျှ အများပြည်သူ၏ စီးပွားရေး၊ လူမှုရေးကိစ္စများအား မိမိတို့အသိဉာဏ်အလိုက် မျှော်မှန်းတွေးဆ လုပ်ကိုင်နိုင်စွမ်း ရှိစေမည် ဖြစ်သည်။ စီးပွားတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုမည်သို့ ဆောင်ရွက်ရမည်၊ လူမှုဘဝ မြင့်မားရေးအတွက် မည်သည့်အစီအမံများ ချမှတ်ဆောင်ရွက်သင့်မည် စသည်ဖြင့် စိတ်ကူးစိတ်သန်းမျှော်မှန်းချက်များ ဖွံ့ဖြိုးစည်ပင်လာစေမည် ဖြစ်သည်။ ယင်းသို့ဖြင့် တစ်ဦးချင်း အကျိုးစီးပွားနှင့် နိုင်ငံအကျိုးစီးပွားတွင် နိုးကြား တက်ကြွနေစေပါလိမ့်မည်။

ပြည်သူအချင်းချင်း ဖြစ်စေ၊ ပြည်သူနှင့် အစိုးရအကြား ဖြစ်စေ အငြင်းပွားမှုများ ပေါ်ပေါက်ပါလျှင် နှစ်ဖက် မျှမျှတတ ဆောင်ရွက်ပေးရသည့် အငြင်းပွားမှု ဖြေရှင်းသည့်ပုံစံ ခိုင်မြဲစွာ ပေါ်ထွက်လာစေမည်။

ဤသို့ဖြင့် တည်ငြိမ်အေးချမ်းသော လူ့အဖွဲ့အစည်းကို ဆောင်ကြဉ်းနိုင်မည် ဖြစ်ကာ အုပ်ချုပ်သူ အစိုးရ၏ ဥပဒေနှင့်အညီ စီမံအုပ်ချုပ်နိုင်စွမ်းကိုလည်း အထောက်အကူ ဖြစ်စေမည်။

အထက်ပါ ရည်မှန်းချက်များကို နိုင်ငံတိုင်း၊ နိုင်ငံသားတိုင်းက သဘောကျမည်မှာ အမှန်ပင် ဖြစ်ပါသည်။ တရားဥပဒေ စိုးမိုးရေးဟူသော စကားရပ်အပေါ် အယူအဆများ မည်သို့ပင် ခြားနားစေကာမူ ဤရည်မှန်းချက်သို့ ရောက်အောင် မျှော်မှန်းပုံချင်းမှာမူ အတူတူပင်ဖြစ်ပါသည်။ နိုင်ငံမျှော်မှန်းချက် အားလုံးတွင် လူ့အဖွဲ့အစည်း တည်ငြိမ်အေးချမ်းရေးမှာ အခြားအချက်များ၏ ရှေ့တန်းတွင် နေရာယူထားပါသည်။ လူ့အဖွဲ့အစည်းအတွင်း တည်ငြိမ် အေးချမ်းရေးအတွက် လွတ်


mgyoe.com

mgyoe.com
SAMPLE BOOK

လပ်စွာ ပြောခြင်း၊ အသင်းအပင်း ဖွဲ့စည်းခြင်းတို့အား အဖွဲ့အစည်းကို လိုက်၍ ဥပဒေဖြင့် ကန့်သတ်ကြသည့် သဘောကိုလည်း တွေ့မြင်နိုင်ပါသည်။

## တရားဥပဒေ စိုးမိုးရေးသို့ ချီလေရာဝယ်

လွန်ခဲ့သည့်နှစ်ပေါင်း ၂၅၀ ကျော်က ပေါ်ပေါက်ခဲ့သော စက်မှုတော်လှန်ရေးကြီးသည် လူ့အဖွဲ့အစည်း၏ လူမှုရေး၊ နိုင်ငံရေး အပြောင်းအလဲများကို အရှိန်အဟုန်ဖြင့် တွန်းအားပေးခဲ့သည်။ လက်ရှိ နောက်ဆုံးပေါ်နည်းပညာများသည် လူမှုနယ်ပယ်၏ အပြောင်းအလဲများကို မောင်းနှင်ရာ၌ လည်းကောင်း၊ လူသားများ၏ လွတ်လပ်စွာ ရပ်တည်ခွင့်ကို ရှေးရှုဆောင်ရွက်ကြရာတွင် လည်းကောင်း ယခင်က အိပ်မက်ပင် မမက်ဖူးလောက်သည့် အနေအထားဖြင့် အကျိုးပြုလျက် ရှိပါသည်။ ဤအခြေအနေသည် လူအများ၏ နေထိုင်မှု အဆင့်နှင့် အရည်အသွေးဆိုင်ရာ အတိတ်က အိပ်မက်များကို အကောင်အထည်အဖြစ် ဖန်တီးပေးသည်မှာ မှန်ကန်ပါသည်။ သို့ရာတွင် ဤသည်မှာ အောင်မြင်မှုဟု ခေါ်နိုင်မည်လား မေးခွန်းထုတ်စရာ ဖြစ်ပါသည်။

ကမ္ဘာ့လူ့အဖွဲ့အစည်းတိုင်းသည် အထက်က ဆိုခဲ့သည့် အဆင့်အတန်း အရည်အသွေးကို ရရှိအောင် ကြိုးပမ်း အားထုတ်ကြရာတွင် မိမိတို့ အဖွဲ့အစည်းအတွင်း၌ အကြမ်းဖက်မှု၊ တွန်းလှန် ပုန်ကန်မှု ပေါ်ပေါက်ရာ ပေါ်ပေါက်ကြောင်း ဖြစ်စေနိုင်သည့် မငြိမ်မသက်မှုများ ကင်းစင်စွာ ရွေ့သွားစေမည့် ပုံသေလမ်းကြောင်းကို ရှာဖွေ တွေ့ရှိခြင်း မရှိသေးပါ။ လူသားတစ်ဦးအဖြစ် လွတ်လပ်စွာ ရပ်တည်နေထိုင်ခွင့်ကို ဖန်ဆင်းပေးသော မျက်မှောက်ခေတ် ခေတ်မီနည်းပညာများသည်ပင် ထိုလူသားအား ဖိနှိပ်သော၊ ထိန်းချုပ်သော ကိရိယာ ဖြစ်နေပြန်ပါသည်။ ဤနိယာမ ဖြစ်စဉ်ကို မျက်ခြည်မပြတ်သင့်ဘဲ လူအများ၏ လွတ်လပ်စွာ ရပ်တည်နေထိုင်ခွင့်ကို တရားဥပဒေ စိုးမိုးခြင်းဖြင့် အကာအကွယ်ပြုနိုင်စွမ်း ရှိနေရပါမည်။


mgyoe.com

mgyoe.com
SAMPLE BOOK

လွတ်လပ်ခွင့်၊ ဒီမိုကရေစီ ရပိုင်ခွင့်များအတွက် အရေးဆိုနေကြသည့်သူ အားလုံးပင် တရားဥပဒေ စိုးမိုးခြင်း အကာအကွယ် ရရှိထားရန် အရေးကြီးကြောင်းလည်း လက်ခံထားကြပါသည်။ ဒီမိုကရေစီ ဆိုရာတွင် လူအများကို သူတို့၏ဆန္ဒဖြင့် အစိုးရအဖွဲ့ ရွေးချယ်တင်မြှောက်ခွင့် ရရုံမျှသာ မဟုတ်၊ အကြွင်းမဲ့ အာဏာပိုင်စနစ် ဖြစ်စေမည့် အလားအလာများကိုလည်း ဖယ်ရှားနိုင်စွမ်း ရှိသည့် ပဓာန အနှစ်သာရ ရှိရပါသည်။ ထိုအနှစ်သာရကို တရားဥပဒေ စိုးမိုးခြင်း အကာအကွယ်ဖြင့်သာ ထူထောင်၍ ရပါသည်။

တရားဥပဒေ စိုးမိုးခြင်းတွင် ဝေါဟာရ အဓိပ္ပာယ်အားဖြင့် နှစ်ပိုင်း ရှိပါသည်။ 'တရားဥပဒေ' + 'စိုးမိုးခြင်း' ဟူ၍ ဖြစ်ရာ မျှမျှတတ ရှိစေခြင်းနှင့် တရားဥပဒေနှင့်အညီ ဖြစ်စေခြင်း ဟူ၍ အဓိပ္ပာယ်ဆောင်ပါသည်။ လူအများသည် ၎င်းတို့အား အုပ်ချုပ်လျက်ရှိသည့် အစိုးရ၏ အုပ်ချုပ်မှုစနစ်များအား ဥပဒေနှင့်အညီ မျှမျှတတ ရှိပါပေသည်ဟု ခံစားမိကြပြီ ဆိုပါလျှင် အချို့သော လွတ်လပ်မှု ရပိုင်ခွင့်များကို ချုပ်ချယ်တားဆီးမှု ရှိစေဦး၊ မိမိတို့ လိုလားသည့် အောင်မြင်မှုအတွက် ဥပဒေဘောင်အတွင်းမှ လိုက်နာဆောင်ရွက်ဖို့ ဝန်မလေးကြပါ။

ဥပဒေ စိုးမိုးရန်အတွက်၊ ပစ္စည်း၊ မြေ၊ အရင်းအနှီးများ ပိုင်ဆိုင်ခွင့်နှင့် သက်ဆိုင်သော သင့်တင့်လျောက်ပတ်သည့် ဥပဒေမူဘောင် (legal framework) ရှိရပါမည်။ ယင်းဥပဒေမူဘောင်သည် ဆိုင်ရာနိုင်ငံ၏ စီးပွားရေး တည်ငြိမ်မှုနှင့် ကြွယ်ဝချမ်းသာမှုတို့အတွက် အရေးကြီးပါသည်။ ပြည်တွင်းပြည်ပ စွန့်စားရင်းနှီးမြှုပ်နှံမည့်သူက လက်ခံထိုက်သောအဆင့်ရှိသည့် ဥပဒေများဖြင့် တိုးတက်ဖွံ့ဖြိုးမှုကို ဖြစ်စေသော ဥပဒေမူဘောင် ဖြစ်ရပါမည်။ ဤနေရာတွင် ပစ္စည်းဆိုင်ရာနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းလိုက်သည့် ဥပဒေတစ်ရပ်သည် အနှေးနှင့် အမြန်သာလျှင် ကွာမည်၊ တစ်ချိန်ချိန်တွင် ယင်းဥပဒေပါ ပိုင်ဆိုင်မှု ဆိုသည့် စကားရပ်များဖြင့် နိုင်ငံကို ဖြစ်စေ၊ လုပ်ငန်းအဖွဲ့အစည်းကို ဖြစ်စေ စိန်ခေါ်လာနိုင်ကြောင်းနှင့် ယင်းပစ္စည်းနှင့် စပ်လျဉ်းသည့် ခံစားခွင့်များအပေါ် အရေးဆိုလာနိုင်ကြောင်းလည်း သတိထားရန် လိုပါသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

တရားသူကြီးတာဝန်အပိုင်းကိုလည်း ဆက်စပ် တင်ပြလိုပါသည်။ တရားသူကြီးအဖြစ် ဆောင်ရွက်ရန် တာဝန်ပေးအပ်ခံရသူတိုင်းသည် ဘက်မလိုက်သော လွတ်လပ်သည့် စိတ်ဓာတ် ရှိရန် ပထမ ဖြစ်ပါသည်။ ဥပဒေနှင့်အညီ ဆောင်ရွက်ဆုံးဖြတ်ကြရန် ယင်းတို့အား ခန့်အပ်ထားခြင်း ဖြစ်ပါသည်။ ဘယာဂတိ၊ ဆန္ဒာဂတိ ကင်းရှင်းစွာဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်နေမှုအား ထိပါး နှောင့်ယှက်လာသော အကြောင်းတရားများကို တွန်းလှန်ဖယ်ရှားနိုင်ကြရပါမည်။ ထို့ပြင် ၎င်းတို့သည် လာဘ်ပေးလာဘ်ယူမှုနှင့် အစိုးရဌာနဆိုင်ရာများ၏ လွှမ်းမိုးမှုမှလည်း ကင်းရှင်းကြရန် လိုအပ်ပါသည်။

တရားသူကြီးအဖြစ် ခန့်အပ် တာဝန်ပေးရာတွင် မျှတမှန်ကန်မှု မရှိ၊ အဂတိ တစ်ပါးပါး ရှိသည်ဟု လည်းကောင်း၊ ထိုတရားသူကြီးသည်လည်း ဘယာဂတိ၊ ဆန္ဒာဂတိ ကင်းစွာဖြင့် မဆောင်ရွက်နိုင်ဟု လည်းကောင်း ပြည်သူအများက ထင်မြင်လာကြလျှင် ထိုတရားစီရင်ရေးစနစ်အပေါ် မည်သူမျှ အယုံအကြည် မရှိနိုင်တော့ပါ။

တစ်ဖန် ဥပဒေအရာတွင် လူအားလုံး အညီအမျှသာ ဖြစ်သည်ဆိုသော စကားရပ် ရှိရာ အုပ်ချုပ်ရေး အရာရှိ၊ အစိုးရအဖွဲ့ဝင် တစ်ဦးဦးကိုမူ အထူးအခွင့်အရေး ခံစားစေသည့်စနစ် ဆိုပါကလည်း ပြည်သူ့ယုံကြည်စိတ်ချမှု မရနိုင်ပါ။ တရားစီရင်ရာတွင် ဥပဒေ ပြဋ္ဌာန်းချက်တစ်ရပ်အား အဓိပ္ပာယ် ဖွင့်ဆိုချက်မှာ တိကျ သေချာရသည်။ တစ်ဖက်လွှမ်းမိုးမှု တစ်ရပ်ရပ်ကြောင့် အဓိပ္ပာယ် ပြောင်းမသွားစေရ။ တစ်နည်းအားဖြင့် လူအများ၏ မျှော်မှန်းချက်များကို ရှုပ်ထွေး ဝေဝါးသွားစေခြင်း မဖြစ်စေရပါ။ ထိုသို့သော မျှော်မှန်းချက်များ ဖြည့်ဆည်းရန်မှာလည်း ဥပဒေပြဋ္ဌာန်းချက်များဖြင့်သာ အဆင့်ဆင့် ကွပ်ကဲကြရပါသည်။

ထို့ကြောင့်ပင် ဥပဒေ ဆိုသည်မှာ မျှတရသည်၊ မျှတစွာလည်း ရေးဆွဲပြဋ္ဌာန်းရသည်ဟု ဆိုကြပါသည်။ ဤသို့ မျှတမှန်ကန်စွာ ဥပဒေကို ရေးဆွဲ ကျင့်သုံးသည့် စနစ်ဖြင့်သာ ဒီမိုကရေစီသို့ ဦးတည်ရာလမ်းကြောင်း ဖြစ်ပါသည်။ လေ့လာစူးစမ်းသည့် ပညာတတ် လူ့အဖွဲ့


mgyoe.com

mgyoe.com
SAMPLE BOOK

အစည်းသည် ဥပဒေတစ်ခု ပြုလုပ်ပြဋ္ဌာန်းရာတွင် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်လိုကြပါလိမ့်မည်။ ထိုလူ့အဖွဲ့အစည်း၏ ပူးပေါင်း ပါဝင်မှု မရှိဘဲ ရေးဆွဲ ပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်သည် မျှတကောင်း မျှတပါလိမ့်မည်။ မျှတသည်ဟု မြင်သာဖွယ် ရှိကောင်းရှိနိုင်ပါသည်။ သို့ရာတွင် အများပါဝင်ခွင့် မရှိခဲ့ခြင်းကြောင့် ဥပဒေ၏ ပြဋ္ဌာန်းချက် တစ်ရပ်ရပ် အပေါ် စိတ်အလိုမကျမှုများ ပေါ်ပေါက်လာနိုင်ပါသည်။ အကယ်၍ ထိုဥပဒေမှာ တစ်ဖက်သတ် မမျှမတ ဖြစ်နေသည်ဟု ခံစားကြရသည် ဆိုပါလျှင် ထိုလူ့အဖွဲ့အစည်းသည် ဥပဒေစိုးမိုးမှု (rule of law) မရနိုင်ဘဲ ဥပဒေဖြင့် အုပ်စိုးခြင်း (ruled by law) သာ တွေ့ကြုံရဖွယ် ရှိပါသည်။

အများ၏ ပူးပေါင်းပါဝင်မှု မပါဘဲ ရေးဆွဲပြဋ္ဌာန်းထားသည့် ဥပဒေသည် အများ၏ ထောက်ခံမှု မရနိုင်၊ နိုင်ငံဖွံ့ဖြိုး တိုးတက်မှု အဆင့်တစ်ဆင့်မှ နောက်တစ်ဆင့်သို့ ခုန်တက်စေသော ဥပဒေတစ်ရပ် ပြဋ္ဌာန်းမည် ဆိုပါက ဥပဒေ၏ ရည်ရွယ်မှန်းထားသည့် ပန်းတိုင်နှင့် လမ်းကြောင်းကို လူအများအား ရှင်းလင်း အသိပေးရန် အမှန်တကယ် ကြိုးပမ်း အားထုတ်ကြရပါမည်။ သို့မဟုတ်ပါက အလိုမကျ ဆန့်ကျင်မှုများဖြင့် ထိန်းမနိုင် သိမ်းမရ ဖြစ်ပါလိမ့်မည်။

အစိုးရသည် ဥပဒေတစ်ရပ် ပြဋ္ဌာန်းရန် အန္တရာယ်များစွာကို ရင်ဆိုင် ဖြတ်ကျော်ရပါသည်။ ခေါင်းဆောင်တစ်ယောက် သို့မဟုတ် အစိုးရတစ်ဖွဲ့သည် ပြည်သူ၏ ယုံကြည်မှု ဆုံးရှုံးလိုက်ပြီ ဆိုပါက နောက်တစ်ကြိမ် ပြန်လည် တည်ဆောက်၍ မရနိုင်တော့ပါ။

လူအများက မိမိတို့၏ဘဝ ရှင်သန် လှုပ်ရှားမှုများသည် ကြိုးပမ်းအားထုတ်သည်နှင့်အမျှ တိုးတက်ကြမြဲ ဖြစ်သည်ဟု စိတ်ထဲတွင် စွဲမြဲစွာ ယုံကြည်နေကြရန် အရေးကြီးပါသည်။

ယနေ့ နည်းပညာခေတ်တွင် နိုင်ငံတည်ငြိမ် အေးချမ်းမှု တာရှည်ရေးအတွက် စီးပွားဖွံ့ဖြိုးရန်သက်သက်သာလျှင် လိုအပ်သည် မဟုတ်ပါ။ အုပ်ချုပ်သည့်စနစ်အပေါ် ယုံကြည်မှု ဖြစ်စေသည့် လွတ်လပ်စွာ ပြော



mgyoe.com

mgyoe.com SAMPLE BOOK

ဆိုခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်တို့လည်း ပါဝင်လာပါသည်။ ထိုအခွင့်အရေး နှစ်ရပ်သည် အတားအဆီးမဲ့ ကျင့်သုံးခွင့် ပေးရသည့် သဘာဝ မရှိပါ။ ထိုအခွင့်အရေး နှစ်ရပ်ကို အကန့်အသတ် (limit) ပြုသော၊ အကာအကွယ် (protect) ပြုသော ဥပဒေ ရှိရပါမည်။

လူ့အဖွဲ့အစည်းတစ်ရပ်တွင် အများပြည်သူသည် မိမိတို့အချင်းချင်း စည်းကမ်းတကျ သေဝပ်အောင် ထိန်းသိမ်းနိုင်စွမ်း မရှိပါလျှင် လွတ်လပ်စွာ စုဝေးပိုင်ခွင့် အခွင့်အရေး ဆိုသည်မှာ အင်အားကြီးမား သာလွန်သူကသာ ကိုင်တွယ် ထိန်းကျောင်းသည့် လက်နက် ဖြစ်နေပါလိမ့်မည်။ သို့ဖြစ်ရာ လူ့အခြေခံ လွတ်လပ်ခွင့် ဆိုရာတွင် စည်းကမ်းလိုက်နာသော လူ့အဖွဲ့အစည်း ဖြစ်ပေါ်စေသည့် ဥပဒေနှင့်ညီသော ကန့်သတ်မှုများ ထားရှိရန် လိုအပ်ကြောင်း တွေ့ရှိနိုင်ပါသည်။ အတားအဆီးမဲ့ လွတ်လပ်စွာ စုဝေး ပြောဆိုခွင့်သည် ထိန်းမနိုင် သိမ်းမရ မင်းမဲ့စရိုက် ဖန်တီးစေပြီး ထိုမင်းမဲ့စရိုက်များသည် အကြွင်းမဲ့အာဏာရှင် လမ်းကြောင်းသို့ တွန်းပို့စေပါသည်။

လွတ်လပ်စွာ စုဝေးခွင့်၊ လွတ်လပ်စွာ ပြောဆိုခွင့်တို့နှင့် ဆက်စပ်နေသော ရင်းမြစ်တူ လွတ်လပ်ခွင့်တစ်ခုမှာ သတင်းမီဒီယာ လွတ်လပ်ခွင့် ဖြစ်ပါသည်။

ဥပဒေနှင့်အညီ လူအများ စုဝေးကြပြီး မိမိတို့ ယုံကြည်ချက်၊ ရည်မှန်းချက်များကို တိုင်ပင် ဆွေးနွေး ပြောဆိုကြပြီးနောက် နောက်တစ်ဆင့်မှာ ထိုသို့ အတူအညီ စုဝေးတိုင်ပင် ဆွေးနွေးကြသည်များကို အများပြည်သူ သိရှိအောင် ပြုလုပ်ရန် ရှိလာပါသည်။ ထိုအခါ အစဉ်အလာ ပုံနှိပ်ထုတ်ပြန်ခြင်းအပြင် အသစ်ပေါ်ထွန်းလာသော တယ်လီဗီးရှင်း၊ ရေဒီယို စသည့် မီဒီယာနည်းလမ်းများကို ကျင့်သုံးကြရသည်။

လွတ်လပ်စွာ ပြောဆိုခွင့် ရှိခြင်းဖြင့် လူအများက ပြောဆိုသူကို သဘောကြိုက်ညီကြလိမ့်မည်ဟု အဓိပ္ပာယ် မဆောင်ပါ။ ထို့ပြင် ထိုသို့ ပြောရေးဆိုခွင့်ဖြင့် မိမိ၏ နိုင်ငံရေးလမ်းကြောင်းတစ်ရပ် အောင်မြင်စွာ ဖောက်လုပ်ပြီးပြီဟုလည်း အဓိပ္ပာယ် မဆောင်ပါ။


mgyoe.com

mgyoe.com SAMPLE BOOK

ကျွမ်းကျင်သော အုပ်ချုပ်မှုစနစ်တွင် အုပ်ချုပ်သူသည် ၎င်း၏ လူ့အဖွဲ့အစည်း အေးချမ်းငြိမ်သက်ရန် ကြိုးပမ်းဆောင်ရွက်မည်။ ဥပဒေဖြင့် ကန့်သတ်ထားပြီး ဥပဒေဖြင့်ပင် အကာအကွယ် ပြုပေးထားသော လူ့အခွင့်အရေးများကို အခြေခံကာ မိမိလူ့အဖွဲ့အစည်း၏ စီးပွားရေး ဖွံ့ဖြိုးစေရန် ဆောင်ရွက်နေမည် ဖြစ်သည်။ ဤတွင် သော့ချက်ကျသော မေးခွန်းတစ်ရပ် ပေါ်လာသည်။ ထိုလူ့အဖွဲ့အစည်း အလိုကျ ပြဋ္ဌာန်းလိုက်သော ဥပဒေများသည် အမှန်တကယ် အထောက်အကူ ပြုနိုင်ပါရဲ့လား ဟူသော မေးခွန်း ဖြစ်ပါသည်။ ထိုမေးခွန်းအတွက် အဖြေမှာ ထိုလူ့အဖွဲ့အစည်း၏ ဥပဒေပြုခွင့်ရ ပါလီမန်များ၊ ထိုပါလီမန်များကို မည်သို့ ရွေးချယ် တင်မြှောက်ကြပုံများအပေါ် တည်မှီနေပြန်ပါသည်။

မျက်မှောက်နည်းပညာသစ်များသည် လူအများ ပညာသင်ကြားရာ နယ်ပယ် ဖြစ်လာပါသည်။ မိမိ မိသားစုအသိုက်အဝန်း၏ အဖြစ်အပျက် အကျိုးအပြစ်များမှ ကျော်လွန်၍ မိမိ၏ ပတ်ဝန်းကျင် အနီးအနားသို့ ဆက်သွယ် ပါဝင်လာသည်။ ထိုမှတစ်ဆင့် ကမ္ဘာ၏ ဟိုမှာဘက်ခြမ်းတွင် ဖြစ်ပျက်နေမှုများကို မိမိတို့ အလွယ်တကူ ဖမ်းယူ သိရှိနိုင်ခဲ့သည်။ သိရှိရသော သတင်းအချက်အလက်ချင်း ဖလှယ်ကြသည်၊ ဖလှယ်နိုင်သည်။ ယနေ့ခေတ်သည် နိုင်ငံသားတိုင်း ဂျာနယ်သမား ဖြစ်နေပြီဟုပင် ဆိုနိုင်သည်။

ယနေ့တွင် နိုင်ငံသူ နိုင်ငံသားများသည် ကမ္ဘာ့တစ်ခုလုံး၏ အဖြစ်အပျက်များကိုပင် ခေတ်မီနည်းပညာများကြောင့် ကောင်းစွာ သိရှိနိုင်ကြပြီ ဖြစ်သည်။ ထို့ပြင် မိမိတို့ကို မည်သို့ အုပ်ချုပ်သည်ကို လည်းကောင်း၊ အုပ်ချုပ်သည့် ဥပဒေများအား မည်သို့ ပြုလုပ် ပြဋ္ဌာန်းသည်ကို လည်းကောင်း သိရှိနိုင်နေကြပြီ ဖြစ်ရာ လူအများသည် ကျိုးကြောင်းမဲ့ တိုက်တွန်းလှုံ့ဆော်ခံရခြင်းကို မလိုလားကြတော့သည်မှာ ထင်ရှားစွာ မြင်သာလာပါသည်။

ဒုတိယကမ္ဘာစစ်အပြီး ဖွဲ့စည်းထူထောင်ခဲ့သော ကုလသမဂ္ဂ အဖွဲ့ကြီးတွင် လူ့အခွင့်အရေး ဆိုသော အရေးဆိုသံများ ကျယ်လောင်လာသည်။ ထိုအရေးဆိုသံများသည် တိုင်းပြည်အသီးသီး၏ ပြည်တွင်း



mgyoe.com

mgyoe.com SAMPLE BOOK

ဥပဒေပြုရေးနယ်ပယ်များသို့ ပျံ့နှံ့ခဲ့ပြီ ဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ကြီးက ပင် လူ့အခွင့်အရေး ကြေညာစာတမ်းကို နိုင်ငံများ သဘောတူ ထုတ်ပြန်ခဲ့သည်။

သို့ရာတွင် ထိုသို့ လူ့အခွင့်အရေးကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်းက နိုင်ငံအနေဖြင့် အသိအမှတ်ပြုသော်လည်း ပြည်တွင်းဥပဒေဖြင့် မည်သည့်အခွင့်အရေးအား မည်သို့ လိုက်နာရန် ဖြစ်သည်ကို ပြဋ္ဌာန်းရာတွင်မူ သက်ဆိုင်ရာတိုင်းပြည်၏ အစဉ်အလာ ယဉ်ကျေးမှု ဓလေ့ထုံးစံများအပေါ် တည်မှီနေရာ နိုင်ငံအလိုက် ခြားနားနိုင်ပါသည်။ လူတိုင်းတွင် မွေးရာပါ အခွင့်အရေး ရှိသည်။ ထိုအခွင့်အရေးများကို အပြန်အလှန် လေးစားကြမည် ဟူသော အခြေခံထားသည့် စနစ်မှာ ယဉ်ကျေးသော လူ့အဖွဲ့အစည်း၏ ကျင့်သုံးပုံစနစ် ဖြစ်ပါသည်။ ထိုကျင့်သုံးမှုစနစ်တိကျ ခိုင်မာစေရန် ပြည်တွင်းဥပဒေများဖြင့် အကောင်အထည်ဖော်ကြရသည်။ အခွင့်အရေးကို ချိုးဖောက်မှုများ ရှိလာပါက သို့မဟုတ် အခွင့်အရေး ခံစားခွင့် ဆုံးရှုံးကြပါက ပြန်လည် ကုစားပေးမည့် နည်းလမ်းများကို ဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းလာကြသည်။



mgyoe.com

mgyoe.com SAMPLE BOOK

အခန်း (၂)

# လွတ်လပ်ခွင့်

mgyoe.com

mgyoe.com SAMPLE BOOK



ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် ထည့်သွင်း ပြဋ္ဌာန်းပေးရုံသက်သက်သည် အခြေခံ လူ့အခွင့်အရေးကို ပြည်သူများ ခံစားခွင့်အတွက် အာမခံချက် မပေးနိုင်သေးပါ။ အခြေခံ လူ့အခွင့်အရေးကို ခံစားခွင့်ရှိစေသည့် အမြင့်မားဆုံး အခွင့်အလမ်း ဆိုသည်မှာ ထိုပြည်သူများ၏ မည်သည့်ချုပ်ချယ်မှုကိုမျှ မခံယူလိုသော ပြင်းပြသည့် သဘောထား၊ လွတ်လပ်ခွင့်အပေါ် မည်သည့်ထိပါး ဟန့်တားမှုမျိုးကိုမျှ သည်းမခံနိုင်သည့် ခံယူချက်များဖြင့်သာ တည်ဆောက်၍ ရပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၂)
# လွတ်လပ်ခွင့်

လွတ်လပ်ခွင့်ကို Liberty ဟု လည်းကောင်း၊ Freedom ဟု လည်းကောင်း နေရာကိုလိုက်၍ သုံးနှုန်းကြသည်။ အဓိက သွင်ပြင်လက္ခဏာမှာ ပြင်ပ အနှောင့်အယှက် ကင်းစွာဖြင့် ဆောင်ရွက်နိုင်ခွင့် ရှိခြင်းပင် ဖြစ်သည်။ တစ်နည်းအားဖြင့် ချုပ်ချယ်ကန့်သတ်မှုမှ ကင်းလွတ်နေခြင်းကို ဆောင် ပါသည်။ ယေဘုယျအားဖြင့် လက်ခံထားကြသော လွတ်လပ်ခွင့်၏ အဓိပ္ပာယ်မှာ ဥပဒေက ခွင့်ပြုထားသည့်အတိုင်း ဆောင်ရွက်နိုင်ခွင့် အခွင့်အရေး ဖြစ်ပါသည်။ လွတ်လပ်ခွင့် ဟူသည် ဥပဒေ၏ ဘောင် အတွင်း *(Libertas in Legibus)* မှာသာ ဖြစ်သည် ဟူသော ဆိုရိုး စကားကို နိုင်ငံတကာက လက်တွေ့အသိအမှတ်ပြုထားပါသည်။ ဥပဒေ ကို ကျော်၍ ကျင့်သုံးခြင်း ကိစ္စမျိုးအတွက် လွတ်လပ်ခွင့် အခွင့်အရေးကို ခံစားထိုက်စေမည် မဟုတ်ပါ။

သို့ဖြစ်ရာ စစ်မှန်သော လွတ်လပ်ခွင့် ဆိုရာတွင် ဥပဒေကို လေးစား လိုက်နာခြင်းလည်း ပါဝင်နေပါသည်။ တစ်ချိန်က အင်္ဂလန်နိုင်ငံတွင် မိမိမြေပေါ်သို့ ကျူးကျော်လာသူတစ်ဦးအား ပိုင်ရှင် ဖြစ်သူက အင်အား သုံး၍ ဆွဲထုတ်ပိုင်ခွင့် ရှိခဲ့ဖူးပါသည်။ ယင်းလုပ်ပိုင်ခွင့်မှာ ပိုင်ရှင်၏ လွတ်လပ်စွာ ဆောင်ရွက်ခွင့် အခွင့်အရေး (liberty) ပင် ဖြစ်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

ထို့အပြင် ကမ္ဘာပေါ်တွင်လည်း ယောက်ျားများသည် ဇနီးမယား အများအပြား ယူခွင့် အခွင့်အရေး ရှိသော ဒေသများ ရှိသကဲ့သို့ ဇနီးမယား တစ်ဦးထက် ပိုယူခွင့် မရှိသော ဒေသများ ရှိပါသေးသည်။ ဥပဒေက ပေးထားသော လွတ်လပ်ခွင့် အခွင့်အရေးများ ဖြစ်ပါသည်။

လွတ်လပ်စွာ ဆောင်ရွက်ခွင့် အခွင့်အရေးသည် ဥပဒေ ပြဋ္ဌာန်းချက်အပေါ် ဒေသအလိုက်၊ ကာလအလိုက် တည်မှီနေသည်ကို ဆိုလိုရင်း ဖြစ်ပါသည်။

တိုးတက်လာသော ယနေ့ခေတ် ကာလတွင် နိုင်ငံအသီးသီးသည် မိမိတို့ ရှေးရှုသည့် နိုင်ငံရေး၊ စီးပွားရေး ရည်မှန်းချက်အသီးသီးဖြင့် ဖွဲ့စည်းအုပ်ချုပ်လျက် ရှိကြရာတွင် အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံတို့အကြား ခိုင်မာသော ပဋိညာဉ်အဖြစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြဋ္ဌာန်းကာ အုပ်ချုပ်သော အလေ့အထ ထွန်းကားလျက် ရှိပါသည်။ ထိုဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အခြေခံ လူ့အခွင့်အရေးများကို အကာအကွယ်ပေးသည့် ပြဋ္ဌာန်းချက်များ ထည့်သွင်းခြင်း၊ ထိုအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးသည့် ပြဋ္ဌာန်းချက်များ ထည့်သွင်း အကောင်အထည်ဖော်ပေးခြင်းဖြင့် အစိုးရနှင့် ပြည်သူ အပြန်အလှန် စိတ်ချ ယုံကြည်မှု တည်ဆောက်ကြရပါသည်။ ဤသို့ ဆောင်ရွက်ခြင်းသည် နိုင်ငံ အေးချမ်းငြိမ်သက်ခြင်းကို ဖန်တီးရာရောက်ပြီး ဆက်လက်၍ ဖွံ့ဖြိုးတိုးတက်မှုကို ပါ ဆောင်ကြဉ်းသွားမည် ဖြစ်ပါသည်။

လူအများ လက်ခံထားကြသော အခြေခံ လူ့အခွင့်အရေးများတွင် အသက်မွေးမှုဆိုင်ရာ၊ လွတ်လပ်ခွင့်ဆိုင်ရာ၊ အေးချမ်းသာယာမှုဆိုင်ရာ၊ ပစ္စည်းပိုင်ဆိုင်မှုဆိုင်ရာတို့ ပါဝင်ပြီး ယင်းတို့နှင့် ပတ်သက်၍ ဥပဒေအရာတွင် မျှတညီညွတ်စေသည့် အစီအစဉ်ဖြင့် ဆိုင်ရာလူ့အဖွဲ့အစည်းအား ယဉ်ကျေးသည့် လူ့အဖွဲ့အစည်း၊ ဖွံ့ဖြိုး တိုးတက်သည့် လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ်သို့ ထူထောင်ရန် ဖွဲ့စည်းပုံ အခြေခံဥပဒေဖြင့် တာဝန်ခံထားရပါသည်။ ထို့ကြောင့်ပင် 'အုပ်ချုပ်သည်'ဟု ဆိုရာတွင်

mgyoe.com

mgyoe.com
SAMPLE BOOK

လူကို လူက အုပ်ချုပ်ခြင်း မဟုတ်၊ လူကို ဥပဒေက အုပ်ချုပ်ခြင်းသာ ဖြစ်ရမည်ဟု အချို့က ဆိုကြပါသည်။

ထိုသို့ အုပ်ချုပ်ခြင်းနှင့် အုပ်ချုပ်ခံခြင်း ဟူ၍ နယ်ပယ် နှစ်ရပ်ကို အေးချမ်းတည်ငြိမ်မှု ရှိစေရန် အပြန်အလှန် ထိန်းကျောင်းသည့်စနစ်မှာ လွတ်လပ်ခွင့်ကို အသိအမှတ်ပြုခြင်းပင် ဖြစ်ပါသည်။ အုပ်ချုပ်သူ ဆိုရာတွင် ၎င်းကိုယ်တိုင်ကလည်း ပြည်သူပြည်သား တစ်ဦးပင် ဖြစ်ရာ အုပ်ချုပ်ခံ ပြည်သူထဲတွင် ပါဝင်ပါသည်။ ဥပဒေက ခွင့်ပြုသည့်ဘောင် အတွင်းမှ အုပ်ချုပ်ခွင့်အာဏာသည် အုပ်ချုပ်သူ အဖွဲ့အစည်း/အလွှာ၏ လွတ်လပ်စွာ ဆောင်ရွက်ခွင့် ဖြစ်သကဲ့သို့ ဖွဲ့စည်းပုံ အခြေခံဥပဒေက ခွင့်ပြုထားသည့် အခြေခံ လူ့အခွင့်အရေးများ ခံစားခွင့် အခွင့်အရေးသည်လည်း အုပ်ချုပ်ခံ ပြည်သူများ၏ လွတ်လပ်ခွင့် ဖြစ်ပါသည်။

သို့ဖြစ်ရာ လွတ်လပ်ခွင့် ဆိုသည်မှာ အတားအဆီးမဲ့ ပြုမူနေထိုင်ခွင့် သဘောမဆောင်ပါ။ မိမိတို့ တစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်၊ မိမိတို့ လူ့အဖွဲ့အစည်း၏ လွတ်လပ်ခွင့်တို့သည် မိမိတို့ကိုယ်တိုင် ပြဋ္ဌာန်းထားသည့် ဥပဒေဘောင်အတွင်းမှသာ ဖြစ်သည်ကို ဂရုထားမိရန် လိုအပ်ပါသည်။

ယနေ့ ပြဋ္ဌာန်းထားသော ပြစ်မှုနှင့် ပတ်သက်သည့် ဥပဒေများ၊ ဒေသအလိုက် သတ်မှတ် ပြဋ္ဌာန်းထားသော ဥပဒေများတွင် တားမြစ်ချက် ပါရှိသော ကန့်သတ် ချုပ်ချယ်မှုများမှာ မရေမတွက်နိုင်အောင် များပြားလှပါသည်။ မြက်ခင်းပေါ် နင်းခွင့် မရှိသည့်နေရာ၊ ထုံးသုတ်ရန် လိုသည့် တံတိုင်း၊ ကားကို သတ်မှတ်သည့် မိုင်နှုန်းထက် ကျော်လွန်၍ မောင်းနှင်ခြင်း၊ မိမိကုန်ပစ္စည်းကို သတ်မှတ်သည့် နေရာ မဟုတ်ဘဲ တည်ခင်း ရောင်းချခြင်း၊ မြို့ပြလမ်းများတွင် ယာဉ်ကြော သတ်မှတ်ကာ သွားလာရခြင်းတို့မှအစ အမြင့်ဆုံး ပြစ်မှုကြီး အသီးသီးအထိ အမျိုးမျိုး ကန့်သတ်ကြပါသည်။ ယင်းကန့်သတ်ချက်များမှာလည်း လူ့အဖွဲ့အစည်း တင့်တယ်ကောင်းစားရေး၊ အများပြည်သူ ငြိမ်ဝပ်စွာနှင့် စည်းကမ်းတကျ

mgyoe.com

mgyoe.com
SAMPLE BOOK

ရှိစွာ ဖြစ်စေရေးတို့အတွက် လူများကပင် ကိုယ်တိုင် ကန့်သတ်ချုပ်ချယ်ကြရခြင်း ဖြစ်ရာ 'လွတ်လပ်ခွင့် ရသည်နှင့်အမျှ သံခြေကျင်း အခတ်ခံရသည်'ဟုလည်း ဆိုကြပါသည်။

လွတ်လပ်ခြင်း ဆိုသည့် ဝေါဟာရ၏ အဓိပ္ပာယ်ကို အားလုံး လက်ခံနိုင်လောက်အောင် မဖွင့်ဆိုနိုင်ကြသေးပါ။ အုပ်ချုပ်သူ အကြီးအကဲများက လည်းကောင်း၊ တရားရုံး စီရင်ချက်များဖြင့် လည်းကောင်း လွတ်လပ်ခြင်းနှင့် စပ်လျဉ်းသည့် အရေးယူ ဆောင်ရွက်မှုများအပေါ် သုံးသပ်ကြသည်များ ရှိနေသည့်တိုင် အလုံးစုံ ညီညွတ်သော ဖွင့်ဆိုချက်သို့ ရောက်ရှိအောင် မစွမ်းဆောင်နိုင်ကြပါ။ ဝါယာကြိုးတစ်ချောင်းတွင် သတ္တုမျှင်ကလေးများ ပူးပေါင်းနေသကဲ့သို့ လွတ်လပ်ခြင်း ဆိုသည့် စကားရပ်တွင် အကြောင်းအရာပေါင်းများစွာ ပေါင်းစပ် ပါဝင်လျက် ရှိပါသည်။

ဖြစ်နိုင်သမျှ အနီးစပ်ဆုံး ဖွင့်ဆိုချက် တစ်ရပ်မှာ လူအများ၏ လွတ်လပ်ခြင်း ဆိုရာတွင် လူအများက ကိုယ်တိုင် ပြဋ္ဌာန်းသော ဥပဒေဖြင့် အုပ်ချုပ်မှုကို ခံယူခြင်း ပါဝင်ပြီး တစ်ဦးချင်း လွတ်လပ်ခွင့်တွင် လူ့သဘာဝ နိယာမသဘောအပြင် ထိုသူသည် သူ့နိုင်ငံက ပြုလုပ်သည့် ဥပဒေတို့နှင့် ညီညွတ်နိုင်သမျှ ညီညွတ်စွာ မိမိကိုယ်ပိုင် အချိန်ကို အသုံးချခြင်း၊ ကိုယ်ပိုင်ပြုမူ နေထိုင်ခြင်းတို့ ပါဝင်သည် ဟူ၍ တွေ့ရပါသည်။[၁]

အမှုတစ်မှုတွင်[၂] တရားသူကြီး Peckham က လွတ်လပ်ခြင်း ဆိုသည့်စကားတွင် ကိုယ်ထိလက်ရောက် အနှောင်အဖွဲ့ ခံရခြင်းမှ ကင်းလွတ်ခွင့်သာမက လူတစ်ဦးချင်း၏ ကိုယ်စိတ် စွမ်းဆောင်နိုင်စွမ်းကြောင့် ရရှိသည့် အကျိုးကျေးဇူး ခံစားခွင့်ကို လည်းကောင်း၊ မိမိ၏ စွမ်းဆောင်နိုင်စွမ်းများကို ဥပဒေနှင့်အညီ အသုံးချခွင့်ကို လည်းကောင်း၊

---

၁။ Prem's Law of Haebeas Corpus, Certiorari. p - 17.

၂။ Allgey v. Louisiana, (1897) 165 US 578 (3) Meyer v. Nebraska, 1932 US 390


mgyoe.com

mgyoe.com
SAMPLE BOOK

မိမိဆန္ဒရှိရာ အရပ်တွင် နေထိုင်ခွင့်နှင့် ဆန္ဒရှိသော အလုပ်ခွင်တွင် အလုပ် လုပ်ခွင့်ကို လည်းကောင်း၊ ဥပဒေက ခွင့်ပြုသော နည်းလမ်း တစ်ရပ်ရပ်ဖြင့် အသက်မွေးခွင့်ကို လည်းကောင်း၊ အသက်မွေး ရပ် တည်မှုအလို့ငှာ သင့်လျော်သော မည်သည့် ကတိကဝတ်ပြုခြင်းတွင် မဆို ပါဝင် ချုပ်ဆိုခွင့်ကို လည်းကောင်း ပြည်သူပြည်သားများ လိုချင် တောင့်တသော အခွင့်အရေးတွင် ထည့်သွင်းသည်ဟု ကောက်ယူရန် ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

အခြားအမှုတစ်မှု[၁] တွင် တရားသူကြီး Mc.Reynold ကမူ လွတ် လပ်ခြင်း ဟူသော စကားရပ်ကို ပိုမိုကျယ်ပြန့်သောသဘောဖြင့် ဖွင့်ဆို ခဲ့သည်။

ယင်းက ဤလွတ်လပ်ခြင်း၏ အဓိပ္ပာယ်ကို အံဝင်ခွင်ကျ ဖြစ် အောင် မဖွင့်ဆိုနိုင်သည့်တိုင် ဤစကားရပ်တွင် ကိုယ်ထိလက်ရောက် အချုပ်အနှောင် ခံရခြင်းမှ ကင်းလွတ်ခွင့်သာမက ပုဂ္ဂလိက အချင်းချင်း သဘောတူညီချက် ရယူဆောင်ရွက်ခွင့်၊ ဘဝရှင်သန်ရေးအတွက် အများ လုပ်ကိုင်လျက်ရှိကြသော မည်သည့်အလုပ်အခွင့်အလမ်းတွင်မဆို ပါဝင် ဆောင်ရွက်ခွင့်၊ ဗဟုသုတ ရှာမှီးခွင့်၊ လက်ထပ်ပေါင်းသင်းခွင့်၊ သားသမီး မွေးဖွားခွင့်၊ ယုံကြည်ချက်နှင့်အညီ ကိုးကွယ်ဆည်းကပ်ခွင့်၊ လွတ်လပ် သော လူသားတစ်ယောက်အဖို့ ပျော်ရွှင် ချမ်းမြေ့မှု ရရှိစေသည့် ရှေး အစဉ်အဆက်ကတည်းက ဥပဒေက ခွင့်ပြုထားသော အကျိုးခံစားခွင့် တို့သည်လည်း ပုဂ္ဂလိက အခွင့်အရေးများအဖြစ် ပါဝင်ကြောင်း ဖော်ပြ ခဲ့သည်။

လွတ်လပ်ခွင့် အယူအဆသည် နိုင်ငံတစ်ခု၏ နိုင်ငံရေး အတွေး အခေါ်သစ်များအရ ပြောင်းလဲပါသည်။ လူပုဂ္ဂိုလ်တစ်ဦး၏ လွတ်လပ် ခွင့် အခွင့်အရေးများအား အပြည့်အဝ ခံစားခွင့် ရှိ မရှိ တိုင်းတာရသည်

---

၁။ Meyer v. Nebraska, 1932 US 390.



mgyoe.com

mgyoe.com
SAMPLE BOOK

မှာ ထိုနိုင်ငံ အုပ်ချုပ်မှုပုံစံ၏ ချဉ်းကပ် ထိပါးမှုများကြောင့် အခက်အခဲများ ရှိပါသည်။

ထို့ပြင် ဆိုကြပါစို့၊ ရှေ့လာမည့် နှစ် ၅၀ တွင် မည်သို့သော လူ့အခွင့်အရေးမျိုးသည် မည်သည့်အချက်ကြောင့် အစမှ ဖယ်ရှားခံရမည်ကို ခန့်မှန်း၍ မရပါ။ ထို့အတွက်ကြောင့်ပင် လွတ်လပ်ခြင်း ဟူသော စကားရပ်၏ အဓိပ္ပာယ်သည် ပုံသေကားကျ မရှိနိုင်။ လက်ရှိကာလ တစ်ရပ်အတွက် လက်ရှိလူအများ၏ ခံယူကျင့်သုံးမှုအတိုင်းသာ ဖြစ်ရသည်ဟု ကောက်ယူလျှင် သင့်လျော်ပါသည်။

ဥပဒေဖြင့် နည်းလမ်းတကျ စစ်ဆေး ဆောင်ရွက်ခြင်းမှလွဲ၍ လူတစ်ဦး၏ အခွင့်အရေးကို ထိပါးခွင့် မရှိ ဟူသည့် အယူအဆကို ကမ္ဘာ့လူသားအများစုက လက်ခံထားကြသည်။ လွတ်လပ်ခွင့်၏ အဓိပ္ပာယ်ကို အထက်တွင် ဆိုခဲ့သည့်အတိုင်း ပုံသေကားကျ ဖွင့်ဆို၍လည်း မရခြင်းကြောင့် ဤကိစ္စအတွက် အငြင်းအခုံ ဖြစ်ရသည့်အခါတိုင်းတွင် တရားရုံး၊ တရားခွင်သို့သာ တက်ရောက် အဖြေရှာကြရသည်။

ထိုတရားရုံး၊ တရားခွင်သည် ဤအငြင်းပွားနေသော လွတ်လပ်ခွင့် ဆိုသည့် အယူအဆအပေါ် မည်သည့် အချက်အလက်များကို သိရှိလက်ခံထားပြီး ဖြစ်သနည်း။ လွတ်လပ်ခွင့် ဆိုသည်ကို လူသားမျိုးဆက်တစ်ဆက်၏ အောင်မြင်မှုတစ်ရပ် ဖြစ်သည်ဟု သဘောထားကြမည်လား။ လွန်ခဲ့သော ကာလက တစ်ဖက်ကို ကြားနာခွင့် မပေးဘဲ တစ်ဖက်သတ် ချုပ်နှောင် ထိန်းသိမ်းမှုများသည် တိုင်းပြည်အုပ်ချုပ်ရေးအတွက် အသုံးဝင်ခဲ့ပြီး အထိုက်အသင့်အလျောက် ကျိုးကြောင်းလည်း ညီညွတ်သည့်အတွက် ယနေ့ ကျင့်သုံးနိုင်သည်ဟု ဆိုမည်လား။ မနေ့ကလည်း အသုံးဝင်ခဲ့သည်၊ ကျိုးကြောင်းဆက်နွယ်မှုအရ ကျင့်သုံးရခြင်း ဖြစ်သည်၊ ယနေ့လည်း ကျင့်သုံးနေသည် ဖြစ်သည့်အတွက် မနက်ဖြန်အတွက်လည်း ကျင့်သုံးကြမည်ဟု ဆိုကြမည်လား။


mgyoe.com

mgyoe.com
SAMPLE BOOK

တရားခွင်သည် ဤအငြင်းပွားမှုအပေါ် အထက်ပါ မေးခွန်းများအတွက် အဖြေကို ရှာဖွေရမည် ဆိုပါက 'ဤအနေအထားမှာ အမှန်အတိုင်းပင် ဖြစ်သည်။ ဤအနေအထားအတိုင်း ဖြစ်ရမည်'ဟုသာ ဆုံးဖြတ်ပါလိမ့်မည်။ ဤသို့ ဖြစ်ရသည်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေများက ပေးသော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်များသည် ကာလ ရွေ့လျားသည်နှင့်အညီ လိုက်လျောပြောင်းလဲနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် ပြဋ္ဌာန်းလေ့ ရှိသောကြောင့်လည်း ဖြစ်ပါသည်။

သို့ရာတွင် အရေးတကြီး စဉ်းစားထိုက်သော သဘောတစ်ရပ်မှာ လွန်ခဲ့သော ကာလများက စိတ်ကူးစိတ်သန်း ဆန်းသစ်မှုများသည် နောင်လာမည့် မျိုးဆက်သစ်များအတွက် အမှန်တကယ် လိုအပ်ချက်များ ဖြစ်လာသည့်အခါ ယင်းလိုအပ်ချက်များကို မဖြစ်မနေ ဖြည့်ဆည်းပေးရပါလိမ့်မည်။ ထိုသို့ အနာဂတ်အတွက် ဖြည့်ဆည်းပေးရသည့် အချက်များသည် ပစ္စုပ္ပန်အတွက်မူ ကန့်သတ်ချုပ်ချယ်ခြင်း သဘောများ ဖြစ်နေပါလိမ့်မည်။

လူတိုင်းသည် တစ်ဦးချင်းအနေဖြင့် စိုးရိမ်ကြောင့်ကြ ကင်းစွာဖြင့် စိတ်ချလက်ချ နေထိုင်နိုင်ပြီး လူအချင်းချင်းသည်လည်း တစ်ဦးကို တစ်ဦး ကြောက်ရွံ့စရာ မရှိသော အုပ်ချုပ်မှုမျိုးကို တည်ဆောက်နိုင်ခြင်းသည် နိုင်ငံရေး လွတ်လပ်ခွင့်ပင် ဖြစ်သည်ဟု 'မွန်တက်စကြူ'က ရေးသားခဲ့သည်။

## အမျိုးအစားများ

လူတိုင်း လွတ်လပ်စွာ အသက်မွေးမှု၊ မိမိ အသက်မွေးဝမ်းကျောင်းအလုပ်မှ အကျိုးခံစားခွင့်များအား လွတ်လပ်စွာ ခံစားခွင့် ရှိမှု၊ အိမ်ရာထူထောင်မှု၊ သားသမီး ရယူမှု၊ ယုံကြည်ချက်အလျောက် ဘာသာ ကိုးကွယ်မှု စသည့် လူ့အခွင့်အရေးများသည် သဘာဝအရပင် မွေးရာပါ

mgyoe.com

mgyoe.com SAMPLE BOOK

အခွင့်အရေးများ ဖြစ်သည်ဟု လက်ခံထားကြသည်။ အင်္ဂလိပ်ရိုးရာ ဥပဒေစနစ် (Common Law) ၌ လွတ်လပ်ခွင့် ဆိုသော အဓိပ္ပာယ်တွင် အကျုံးဝင်သည့်နယ်ပယ် သုံးရပ်ကို လက်ခံအတည်ပြုထားပါသည်။ ယင်းနယ်ပယ် သုံးရပ်မှာ လူပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှု၊ တစ်ဦးချင်း လွတ်လပ်ခွင့်နှင့် ပုဂ္ဂလိကပိုင်ပစ္စည်း အခွင့်အရေးများ ဟူ၍ ဖြစ်ပါသည်။

လူပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှု ဆိုရာတွင် လုံခြုံမှုပေးရမည့် အတိုင်းအတာမှာ တစ်ဦးချင်းအလျောက် ဘဝရပ်တည်ရေးအတွက် ဥပဒေနှင့်အညီ အလုပ် လုပ်ကိုင်ခံစားခွင့်နှင့် ထိုခံစားခွင့်ကို မည်သူမျှ နှောင့်ယှက်ဟန့်တားခွင့် မရှိခြင်း ပါဝင်ပါသည်။ ထိုခံစားခွင့် ဆိုရာ၌လည်း လက်ရှိဘဝရှင်သန်မှုအတွက်သာမက မိမိကို ဆက်ခံမည့်သူများ၏ ကျန်းမာမှုအပြင် ကောင်းသော ဂုဏ်သတင်း ကျော်စောမှုများပါ ပါဝင်ပါသည်။

လူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်တွင် ပြောင်းရွှေ့ အခြေချနေထိုင်ခွင့်၊ ဥပဒေအရ တားမြစ်ထားသည့်နေရာမှတစ်ပါး တစ်ဦးချင်း ဆန္ဒအလျောက် ရွှေ့ပြောင်း သွားလာခွင့်တို့လည်း ပါဝင်ပါသည်။ ပုဂ္ဂလိကပိုင်ပစ္စည်း အခွင့်အရေးတွင် မည်သည့်ထိန်းချုပ်မှုမျှ မရှိစေဘဲ မိမိပိုင်ပစ္စည်းကို သုံးစွဲခွင့်၊ ခံစားခွင့်၊ စီမံခန့်ခွဲခွင့်တို့ ပါဝင်ကြောင်း သိရှိရပါသည်။

ဖော်ပြပါ နယ်ပယ် သုံးရပ်တွင် အကျုံးဝင်သော လွတ်လပ်ခွင့်များမှာ သက်ဆိုင်ရာ နိုင်ငံများအလိုက် ကျင့်သုံးလျက် ရှိကြသော နိုင်ငံရေးအယူအဆများ၊ နိုင်ငံသူ နိုင်ငံသားများ တွေ့ကြုံ ဖြတ်သန်းခဲ့ရသည့် ဘဝများ၊ လိုအပ်ချက်များ ခြားနားကြသည့်အလျောက် ခွင့်ပြုသည့် အတိုင်းအတာလည်း ခြားနားနိုင်ပါသည်။ သို့ရာတွင် ထိုလွတ်လပ်မှုများကို အမျိုးအစား ခွဲခြားလိုက်ပါလျှင် အများက လက်ခံသည့် ပဓာနကျသော အရေးကြီး အချက်များအဖြစ် အောက်ပါကဏ္ဍများကို တွေ့ရှိနိုင်ပါသည်။



mgyoe.com

mgyoe.com
SAMPLE BOOK

(၁) **ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်ခွင့်။** ဥပဒေ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ရာ မရောက်စေသည့် မည်သည့်လုပ်ငန်းကိုမဆို လုပ်ကိုင်ပိုင်ခွင့်နှင့် သွားလာဆက်သွယ်ပိုင်ခွင့် ရှိသည်။

(၂) **ဥပဒေအရာတွင် အညီအမျှ ခံစားခွင့်။** ဤခံစားခွင့်သဘောမှာ မည်သူမဆို လူအားလုံး လိုက်နာ ကျင့်သုံးလျက်ရှိသော ဥပဒေကို အများနည်းတူ ညီတူညီမျှ လိုက်နာရမည်ဟု မဆိုလိုပါ။ အချို့သော လူတန်းစားများ၊ လူပုဂ္ဂိုလ် များအတွက် အခွင့်ထူး ပေးထားရသည်များ ရှိပါသည်။ ဥပမာ- သံတမန်များ၊ တရားသူကြီးများ၊ နိုင်ငံအကြီးအကဲများအား ဤအခွင့်ထူး များကို ခွင့်ပြုပေးထားရပါသည်။ ထို့ပြင် ပုဂ္ဂလိကအလျောက်လည်း အရွယ်မရောက်သေးသူ၊ နိုင်ငံခြားသား၊ အပြစ်ကျ တရားခံများ၊ လူမွဲ များ၊ အမျိုးသမီးများအတွက် ဥပဒေအရာတွင် လူအားလုံး နည်းတူ လိုက်နာစေရန် မဖြစ်နိုင်သည်များ ရှိနေပါသည်။ သို့ဖြစ်ရာ ဥပဒေအရာ တွင် အညီအမျှ ခံစားခွင့် ဆိုသည်မှာ ပြဋ္ဌာန်းထားသည့် ဥပဒေဘောင် အတွင်း ဥပဒေနှင့်အညီ စီမံခန့်ခွဲသည်ကို အားလုံး အညီအမျှ ခံစားခွင့် ဟူ၍သာ ဆိုလိုပါသည်။ ထိုခံစားခွင့်သည် အမျိုး၊ ဘာသာ၊ မနေဥစ္စာ၊ လူမှုအဆင့်အတန်း၊ နိုင်ငံရေးဩဇာ လွှမ်းမိုးမှုတို့မှ ကင်းလွတ်နေရမည် ဖြစ်ပါသည်။

(၃) **ပစ္စည်းလွတ်လပ်ခွင့်။** ဤခံစားခွင့်သည် ပုဂ္ဂိုလ်ဆိုင်ရာ လွတ် လပ်ခွင့်နှင့် တွဲနေပါသည်။ ဥပဒေနှင့် အညီ ဆောင်ရွက်ခြင်းမှတစ်ပါး မည်သူ့ကိုမျှ ၎င်းပိုင် မြေ၊ ပစ္စည်းအား စွန့်လွှတ်စေရန်၊ ၎င်းမြေ၊ ပစ္စည်း ခံစားခွင့်အား စွန့်လွှတ်စေရန် အတင်း အကျပ် ဆောင်ရွက်ခွင့် မရှိခြင်း ဖြစ်ပါသည်။ ဤအပိုင်းတွင် ဥပဒေ ချိုးဖောက်သဖြင့် ပြစ်ဒဏ်ပေးခံရသည့်အခါမှလွဲ၍ ဒဏ်ငွေ ပေးဆောင်

mgyoe.com

mgyoe.com
SAMPLE BOOK

စေရန် အမိန့်ချမှတ်ခွင့် မရှိခြင်းနှင့် အမိန့်အရ ပေးဆောင်ရမည့် ဒဏ်ငွေမှာလည်း မများလွန်းစေရ ဆိုသည့် မူသဘောများ ပါဝင်ပါသည်။ ထို့ပြင် ပုဂ္ဂလိကပိုင် ပစ္စည်းတစ်ရပ်အား အများပြည်သူအကျိုးငှာ ရယူရန် လိုအပ်ပါက သင့်တင့်လျောက်ပတ်သည့် လျော်ကြေး ပေးရန် မူသဘောလည်း ပါဝင်ပါသည်။

**(၄) လွတ်လပ်စွာ ရွေးကောက်ခွင့်။** ရွေးကောက်သူ မဲဆန္ဒရှင်သည် ရွေးကောက်ခံ တစ်ဦးဦးအား မဲပေးစေရန် အနိုင်အထက် လွှမ်းမိုးခြင်း၊ အတင်းအကျပ်ပြုခြင်းမှ ကင်းလွတ်ရပါသည်။ ကျား-မ မရွေး အရွယ်ရောက်သူ နိုင်ငံသားတိုင်း မဲပေးခွင့် ရှိမည် ဖြစ်ကာ လျှို့ဝှက် မဲပေးစနစ်များတွင် ဤသို့ အနိုင်အထက် အတင်းအကျပ်ပြုကာ မဲပေးစေခြင်း မဖြစ်စေရန် ဖြစ်ပါသည်။

**(၅) လွတ်လပ်စွာ ဟောပြောခွင့်။** ပဋ္ဌမ အချက် အဖြစ် တွေ့ရပါသည်။ လွတ်လပ်သည့် အတွေးအခေါ်တစ်ရပ် ပေါ်ထွက်ရန်မှာ တစ်ဦးနှင့်တစ်ဦး မိမိတို့အသီးသီး၏ အယူအဆများကို လွတ်လပ်စွာ ဆက်သွယ် ဖလှယ်ကြရန် လိုပါသည်။ ထို့ပြင် လွတ်လပ်စွာ ဆွေးနွေးရန်၊ လွတ်လပ်စွာ ထုတ်ဖော်ကြရန်လည်း လိုပါသည်။ ဆုံးရှုံးနစ်နာမှုများ ပေါ်ပေါက်စေသည့် အကြောင်းတရားများကို ဖယ်ရှားပေးပြီး ဖြောင့်မတ်မှန်ကန်ရေးအတွက် တည့်မတ်ပေးပါရန် အစိုးရသို့ တင်သွင်းကြသည့် တင်သွင်းလွှာများသည် ဤခေါင်းစဉ်အောက်တွင် ပါဝင်လာတတ်ပါသည်။

**(၆) လွတ်လပ်စွာ ယုံကြည်ခွင့်။** တစ်ဦး၏ ကိုးကွယ်မှုဆိုင်ရာ အယူအဆကို အခြားတစ်ဦးသို့ ကူးစက်ပျံ့နှံ့ခွင့်သာမက အများပြည်သူ၏ ကိုးကွယ် ဝတ်ပြုခွင့်လည်း ပါဝင်ပါသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

**(၇) လွတ်လပ်စွာ သဘောတူညီခွင့်။** လူတစ်ဦးချင်း၏ အသက်မွေးဝမ်းကျောင်းမှု ရွေးချယ်ခွင့်၊ ကုန်သွယ်ခွင့်၊ စီးပွား ရှာမှီးခွင့်တို့လည်း ပါဝင်ပါသည်။

**(၈) လွတ်လပ်စွာ စုဝေးခွင့်။** အမျိုးသားတစ်ရပ်လုံး၏ အကျိုးစီးပွား၊ ဒေသအလျောက် ဖြစ်ထွန်းစေရမည့် အကျိုးစီးပွားများကို ထိပ်တန်းအကြောင်းအရာအဖြစ် ဆွေးနွေးနိုင်ကြစေရန်အလို့ငှာ လူအများ စုဝေး တွေ့ဆုံကြရန် လိုအပ်သည် ဟူသော အယူအဆဖြင့် လက်ခံထားပါသည်။

**(၉) လွတ်လပ်စွာ ဖွဲ့စည်းခွင့်။** ကုမ္ပဏီများ၊ အစုစပ် လုပ်ငန်းများ ဖွဲ့စည်းခွင့်အပြင် လူမှုအဖွဲ့အစည်းများ၊ ကုန်သွယ်မှု အဖွဲ့အစည်းများ ဖွဲ့စည်းခွင့်တို့လည်း ပါဝင်ပါသည်။

**(၁၀) မိသားစုရေးရာ လွတ်လပ်ခွင့်။** ထိမ်းမြားခြင်း ဆိုင်ရာများ၊ ဆွေမျိုး တော်စပ်မှု အခွင့်အရေးဆိုင်ရာများ ပါဝင်ပါသည်။ ယင်းတို့ကို အချို့ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် မူလ အခြေခံ ဥပဒေများအဖြစ် ရေးဆွဲ ထည့်သွင်းတတ်ကြပါသည်။

လွတ်လပ်မှု ခံစားခွင့်ကို အမည်အားဖြင့် အခွင့်အရေးဟု ဖော်ပြကြသော်လည်း နိုင်ငံအသီးသီးတွင် ထိုအခွင့်အရေးများအား မည်သို့ ခံစားခွင့် ပေးထားသည်ကို လေ့လာပါလျှင် အမှန်စင်စစ်အားဖြင့် သက်ဆိုင်ရာ ဥပဒေများဖြင့် ထိုအခွင့်အရေးများကို အနည်းနှင့်အများ ကန့်သတ်ထားသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ ယင်းကန့်သတ်ခြင်းမှာ အများ


mgyoe.com

mgyoe.com
SAMPLE BOOK

ပြည်သူ စည်းကမ်း သေဝပ်ရေးကို ဖြစ်စေ၊ လုံခြုံရေးကို ဖြစ်စေ၊ ထို့ပြင် တစ်ဦးချင်း အခွင့်အရေးများကို မထိပါးစေရန် ဖြစ်စေ အကြောင်းပြချက်များဖြင့် ကန့်သတ်ခြင်း ဖြစ်သည်ကိုလည်း တွေ့ရမည် ဖြစ်ပါသည်။

သာမန်အချိန်တွင် ခံစားခွင့်ရှိသော အထက်ပါ လွတ်လပ်ခွင့်များမှာ နိုင်ငံ၏ အရေးပေါ် အခြေအနေ ပေါ်ပေါက်သည့်အချိန်တွင် ရရှိခံစားခွင့် ရှိသည်ဟု မမျှော်လင့်နိုင်ပါ။

## ကာကွယ်စောင့်ရှောက်ခြင်း

ပြည်သူပြည်သားများ၏ လွတ်လပ်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ထည့်သွင်းရေးဆွဲ ပြဋ္ဌာန်းပြီး ဖြစ်သည်။ ယင်းအခွင့်အရေးများကို ထိပါး ဟန့်တားခြင်း မပြုရအောင် တရားရုံးများက အကာအကွယ်ပေးလိမ့်မည်၊ သို့ဆိုလျှင် လုံလောက်သည့် အနေအထား ဖြစ်သည်ဟု ဆိုကြပါသည်။

ယင်းအယူအဆမှာ မှားယွင်းပါသည်။ တရားစီရင်ရေးလမ်းကြောင်းဖြင့် လိုအပ်သလို စိစစ်ပြီး ထိုအခွင့်အရေးများကို အကာအကွယ် ရယူနိုင်ခြင်းမှာ အလွန်တန်ဖိုးရှိသော ဖြေရှင်းခြင်း ဖြစ်သည်ကို မငြင်းပါ။

သို့ရာတွင် လွတ်လပ်ခွင့် ဟူသည့် သဘောမှာ မည်သူ့အကူအညီ အထောက်အထားမျှ မလိုဘဲ ကိုယ်ပိုင် ရပ်တည် ခံစားရသည့် သဘာဝဖြစ်ရာ ယင်းသဘာဝသည်ပင်လျှင် လွတ်လပ်ခြင်း၏ ဂုဏ်သိက္ခာ ဖြစ်ပါသည်။ ယင်းဂုဏ်သိက္ခာကို တရားရုံး၏ အကူအညီ ရယူပြီး ခံစားစေခြင်းဖြင့် အစားထိုးရန် မဟုတ်ပါ။

ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် ထည့်သွင်း ပြဋ္ဌာန်းပေးရုံသက်သက်သည် အခြေခံ လူ့အခွင့်အရေးကို ပြည်သူများ ခံစားခွင့်အတွက် အာမခံချက် မပေးနိုင်သေးပါ။ အခြေခံ လူ့အခွင့်အရေးကို ခံစားခွင့် ရှိစေသည့် အမြင့်မားဆုံး အခွင့်အလမ်း ဆိုသည်မှာ ထိုပြည်သူများ၏

mgyoe.com

mgyoe.com
SAMPLE BOOK

မည်သည့် ချုပ်ချယ်မှုကိုမျှ မခံယူလိုသော ပြင်းပြသည့် သဘောထား၊ လွတ်လပ်ခွင့်အပေါ် မည်သည့် ထိပါး ဟန့်တားမှုမျိုးကိုမျှ သည်းမခံနိုင်သည့် ခံယူချက်များဖြင့်သာ တည်ဆောက်၍ ရပါသည်။ ပြည်သူအများ၏ အသိအမြင်နှင့် ခံယူကျင့်သုံးသည့် စိတ်ဓာတ်အပေါ်တွင် တည်ရှိနေပါသည်။

ဆိုလိုသည်မှာ နိုင်ငံတွင်းရှိ ပြည်သူအများစုသည် ယင်းတို့ မနှစ်မြို့နိုင်သော နိုင်ငံရေး အယူအဆ ရှိသူများအား နှိပ်ကွပ်ထားရန်၊ မိမိတို့လိုလားသည့်ပါတီ၊ အဖွဲ့အစည်းကို အသာစီး ရယူနေစေရန် သဘောထား ရှိနေသည် ဆိုပါစို့။ ဤအခြေအနေသည် ဆိုင်ရာပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏ လွတ်လပ်ခွင့်အတွက် တရားရုံးက ဥပဒေနှင့်အညီ အဆုံးအဖြတ်ပေးနိုင်သည် ဆိုဦး၊ ထိုအဆုံးအဖြတ်မှာ ကာလတစ်ခုအတွက်သာ မှန်ကန်စေပါလိမ့်မည်။ ဆုံးဖြတ်ရသည့် အချိန်ကာလတွင် ဖြစ်ပေါ်နေသည့် နိုင်ငံရေး အနေအထားကို ထောက်ထား၍ ဆုံးဖြတ်ရခြင်းဖြစ်သည့်အတွက် 'လွတ်လပ်ခွင့်'၏ သဘာဝနှင့် မကိုက်ညီနိုင်။ လွတ်လပ်ခွင့်သဘာဝကို ဖော်ဆောင်ရန် မလုံလောက်နိုင်သည်အား သတိထားမိရန် ဖြစ်ပါသည်။

'လွတ်လပ်ခွင့်' ရှိလျှင် ထိုလွတ်လပ်ခွင့်ကို ထိပါးပါက ကုစား ပေးရမည့် ဥပဒေ ရှိရပါသည်။ သို့မှသာ လွတ်လပ်ခွင့် ခိုင်မြဲပါမည်။

သူတစ်ဦးက ၎င်းတွင် ဤမည်သော အခွင့်အရေးကို အရေးဆို၍ တိုင်တန်းလာသည့်ကိစ္စတွင် ထိုသူသည် ထိုအခွင့်အရေး ရခွင့်ရထိုက်သူမှန်ပါက ထိုအခွင့်အရေး ခံစားခွင့် မရသည့်အတွက် နစ်နာရသည့်အပေါ် ကုစားပေးခွင့်လည်း ရှိရပါမည်။ နစ်နာမှု ကုစားမပေးနိုင်သော အခွင့်အရေး ဆိုသည်မှာ အမှန်စင်စစ် စက္ကူဖြူသက်သက်အဆင့်သာ ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

လွှတ်လပ်ခွင့် အခွင့်အရေးနှင့် ထိုအခွင့်အရေးအတွက် ဥပဒေအရ ကုစားပေးနိုင်ခွင့်တို့သည် အပြန်အလှန် တည်မှီရပါသည်။ အခွင့်အရေး ရှိလျှင် ကုစားခွင့် ရှိရမည်။ ကုစားခွင့် မရှိလျှင် ထိုအခွင့်အရေး ရှိသည် မဆိုနိုင်တော့ပါ။


mgyoe.com

mgyoe.com SAMPLE BOOK

အခန်း (၃)

# ပြည်ထောင်စု မြန်မာနိုင်ငံတွင် ဥပဒေဖြင့် အကာအကွယ်ပေးခြင်း

mgyoe.com

mgyoe.com SAMPLE BOOK

စာချွန်တော် ထုတ်ပေးပိုင်ခွင့် အမိန့်သည် လွှတ်လပ်ရေး မရခင်က တရားလွှတ်တော်တွင် တည်ရှိခဲ့ပြီး နိုင်ငံ လွတ်လပ်ရေး ရသည့်အခါ အမြင့်ဆုံး တရားရုံး ဖြစ်သည့် တရားလွှတ်တော်ချုပ် (Supreme Court) သို့ အပ် နှင်းလိုက်ကြောင်း တွေ့ရပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

### အခန်း (၃)

## ပြည်ထောင်စု မြန်မာနိုင်ငံတွင် ဥပဒေဖြင့် အကာအကွယ်ပေးခြင်း

မြန်မာနိုင်ငံသည် လွတ်လပ်ရေး ဆုံးရှုံးချိန်များမှစ၍ အစဉ်အလာ မြန်မာမင်း အုပ်ချုပ်ပုံများနေရာတွင် အင်္ဂလိပ်ရိုးရာ ဥပဒေစနစ် ပါဝင်သည့် အုပ်ချုပ်ပုံများ အစားထိုး ဝင်ရောက်ခဲ့ပါသည်။ တိုင်းသူပြည်သားများ၏ ဥပဒေပါ အခွင့်အရေးများ ဆုံးရှုံးနေသည်ဟု တွေ့ရှိရသည့်အခါ အုပ်ချုပ်သူများက စာချွန်လွှာများ ထုတ်ဆင့်၍ ကုစားပေးသော စနစ်လည်း မြန်မာနိုင်ငံသို့ ရောက်ရှိလာပါသည်။ စာချွန်တော် ထုတ်ဆင့်ခြင်း၏ ရင်းမြစ်မှာ အင်္ဂလိပ်ဘုရင်စနစ်၏ ကျင့်သုံးမှုစနစ်မှ ပေါက်ဖွားခြင်း ဖြစ်ရာ အင်္ဂလိပ်ကိုလိုနီနယ်ပယ် ဖြစ်သော အိန္ဒိယနိုင်ငံမှ တစ်ဆင့် မြန်မာနိုင်ငံသို့ သက်ရောက်ခဲ့ခြင်းပင် ဖြစ်ပါသည်။

အင်္ဂလိပ်ဘုရင်၏ ၁၇၇၄ ခုနှစ် မတ်လ (၂၆) ရက်နေ့က ချာတာ အပ်နှင်းမိန့်အရ ကာလကတ္တား တရားလွှတ်တော် တရားဝန်ကြီးများအား အင်္ဂလန်ဘုရင်၏ တရားလွှတ်တော် တရားဝန်ကြီးများ၏ အာဏာကို အပ်နှင်းခဲ့သည်။ အလားတူပင် ဘုံဘေနှင့် မဒရပ် တရားလွှတ်တော် တရားဝန်ကြီးများအားလည်း အပ်နှင်းခဲ့သည်။ ၁၉၂၂ ခုနှစ် ဒီဇင်ဘာလ (၁၈) ရက်တွင် မြန်မာပြည် တရားလွှတ်တော်အား High Court



mgyoe.com

mgyoe.com SAMPLE BOOK

of Judicature at Rangoon အဖြစ် သီးခြား တည်ထောင်ခဲ့သည်။ ၁၉၃၅ ခုနှစ် မြန်မာအစိုးရ အက်ဥပဒေ (The Government of Burma Act) အရ မြန်မာပြည်သည် အိန္ဒိယပြည်၏ ပြည်နယ်တစ်ခု မဟုတ်တော့ဘဲ သီးခြားအုပ်ချုပ်ခွင့်ရ ပြည်နယ် ဖြစ်လာသည်။ ၁၉၃၅ ခုနှစ် မြန်မာ အစိုးရ အက်ဥပဒေတွင် စာချွန်တော် ထုတ်ပေးခွင့်နှင့် ပတ်သက်သော သီးခြား ပြဋ္ဌာန်းချက် မတွေ့ရပါ။ သို့ရာတွင် ထိုကဲ့သို့ စာချွန်တော်အမိန့်များ ထုတ်ဆင့်ပိုင်ခွင့် ရှိကြောင်း အောက်ပါအတိုင်း ဆုံးဖြတ်ချက်[၁]အရ သိရှိရပါသည်။

'The High Court is the King's Court with general jurisdiction through out Burma and therefore it must have inherent power to issue the King's writs unless that power has been taken away by his Majesty by express terms. There is nothing in the Letter Patent which in terms deprives this Court of the power to issue the high prerogative writs.'

## ဖွဲ့စည်းပုံအခြေခံဥပဒေ

၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံမှာ လွတ်လပ်ရေး ရရှိခဲ့ပြီး အချုပ်အခြာ အာဏာပိုင်နိုင်ငံ တစ်နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်။ ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့တွင် တိုင်းပြည်ပြုလွှတ်တော်က အတည်ပြုခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေသည် လွတ်လပ်ရေးနှင့်အတူ အသက်ဝင်လာသည်။ ယင်းဥပဒေ အခန်း (၂) တွင် ပုဒ်မ ၁၀ မှ ၂၄ အထိ မူလအခွင့်အရေးများကို သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၂၅ တွင် ပုဒ်မခွဲ (၁) ဖြင့် ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေး တစ်ခုခုကို ရယူရန် တရား

---

၁။ 1940 RLR 325, In the matter of Mg Pyu & others


mgyoe.com

mgyoe.com SAMPLE BOOK

လွှတ်တော်ချုပ်အား သက်ဆိုင်ရာနည်းဖြင့် လျှောက်ထား၍ ရယူခွင့်ရှိရမည်ဟု အတိအလင်း ဖော်ပြထားပါသည်။

ဆက်လက်၍ ပုဒ်မခွဲ (၂) တွင် ဤကိစ္စနှင့် စပ်လျဉ်း၍ အခြားတရားရုံးများအား အပ်နှင်းထားသော အာဏာများကို မထိခိုက်စေဘဲ ဤအခန်း၌ ပေးထားသော အခွင့်အရေးနှင့် သင့်လျော်သည့် ရှေ့တော်သွင်း စာချွန်တော်အမိန့် (Habeas Corpus)၊ အာဏာပေး စာချွန်တော်အမိန့် (Mandamus)၊ တားမြစ်စေ စာချွန်တော်အမိန့် (Prohibition)၊ အာဏာပိုင်မေး စာချွန်တော်အမိန့် (Quo Warranto)၊ အမှုခေါ် စာချွန်တော်အမိန့် (Certiorari) ထိုစာချွန်တော်အမိန့်များ၏ သဘောမျိုး ပါသော အမိန့်များကို ထုတ်နိုင်ရန် တရားလွှတ်တော်ချုပ်၌ အာဏာရှိရမည် ဟူ၍ အပ်နှင်းထားသည်ကို တွေ့ရပါသည်။

ထို့ပြင် ပုဒ်မခွဲ (၃) ဖြင့် စစ်မက် ဖြစ်သောအခါ၌ သော်လည်းကောင်း၊ တိုင်းတစ်ပါးက ထိပါး တိုက်ခိုက်လာသောအခါ၌ သော်လည်းကောင်း၊ ပုန်ကန်သောအခါ၌ သော်လည်းကောင်း၊ ဆူပူထကြွသောအခါ၌ သော်လည်းကောင်း၊ အထူးအရေးတကြီး ဖြစ်လာသောအခါ၌ သော်လည်းကောင်း ပြည်သူ့လုံခြုံမှုအတွက် လိုအပ်သည့်ကိစ္စ (Unless, in times of war, invasion, rebellion, insurrection or grave emergency, the public safety may so require) မှာမှတစ်ပါး ဤကာကွယ်ခွင့် ရယူခွင့်များကို ရပ်ဆိုင်းထားခြင်း မပြုရဟု ဆက်လက် ပြဋ္ဌာန်းထားပါသည်။

စာချွန်တော် ထုတ်ပေးပိုင်ခွင့် အမိန့်သည် လွတ်လပ်ရေး မရခင်က တရားလွှတ်တော်တွင် တည်ရှိခဲ့ပြီး နိုင်ငံလွတ်လပ်ရေး ရသည့်အခါ အမြင့်ဆုံး တရားရုံး ဖြစ်သည့် တရားလွှတ်တော်ချုပ် (Supreme Court) သို့ အပ်နှင်းလိုက်ကြောင်း တွေ့ရပါသည်။

၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီ အစိုးရ တက်လာပြီးနောက် ၁၉၆၂ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှစ၍ တရားလွှတ်တော်ချုပ်


mgyoe.com

mgyoe.com SAMPLE BOOK

ကို ကြေညာချက်အမှတ် (၂၅) အရ ရပ်စဲခဲ့ပြီး နိုင်ငံတော် တရားရုံးချုပ် (Chief Court) ဟူ၍ ပေါ်ပေါက်လာပါသည်။ နိုင်ငံတော် တရားရုံးချုပ်အား အမှုခေါ် စာချုန်တော်အမိန့် ထုတ်ဆင့်ရန် အာဏာ အပ်နှင်းလိုက်ပါသည်။ အခြား စာချုန်တော် ထုတ်ဆင့်မိန့်များ ရပ်ဆိုင်းခဲ့ပါသည်။

၁၉၇၄ ခုနှစ်တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာပါသည်။ ယခင် တရားရုံးချုပ်နှင့် တရားရုံး အဆင့်ဆင့် ဖွဲ့စည်းပုံများအစား ပြည်သူ့တရားသူကြီးအဖွဲ့နှင့် လက်အောက် တရားစီရင်ရေးအဖွဲ့ အဆင့်ဆင့် ပေါ်ပေါက်ခဲ့ပါသည်။

အထက်တွင် ဖော်ပြခဲ့သော တရားရုံးချုပ်က စာချုန်တော် ထုတ်ပေးပိုင်ခွင့်ကို အမြင့်ဆုံး တရားစီရင်ရေးအဖွဲ့ ဖြစ်သည့် ပြည်သူ့တရားသူကြီးအဖွဲ့သို့ အပ်နှင်းခြင်း မပြုတော့ပါ။

သို့ရာတွင် စာချုန်တော်အမိန့်၏ အာဏာစက်ကဲ့သို့ ဆောင်ရွက်နိုင်ခွင့် အာဏာကို နိုင်ငံတော်ကောင်စီသို့ အခြေခံ ဥပဒေ ပုဒ်မ ၇၃ (၃) ဖြင့် အပ်နှင်းထားပါသည်။ ယင်းပြဋ္ဌာန်းချက်အရ နိုင်ငံတော်ကောင်စီသည် ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များမှာ ဥပဒေနှင့် ကိုက်ညီခြင်း မရှိပါက ပယ်ဖျက်ခွင့်အာဏာ အပ်နှင်းခြင်း ခံရပါသည်။ သို့ဖြစ်ရာ နိုင်ငံတော်ကောင်စီ၏ အခွင့်အာဏာမှာ တရားစီရင်ရေး ဆုံးဖြတ်ချက်သာမက အုပ်ချုပ်ရေး ဆုံးဖြတ်ချက်များအပေါ် ထိပါ ပယ်ဖျက်ခွင့်ပေးထားသည်ကို တွေ့ရှိရပါသည်။

၁၉၈၈ ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရပ်ဆိုင်းခဲ့ပါသည်။ ၂၀၀၈ ခုနှစ်၊ မေလ၊ (၂၈) ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြု ပြဋ္ဌာန်းခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

အထက်ပါ ၁၉၈၈ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်းမှာ တပ်မတော် အုပ်ချုပ်ရေးကာလ ဖြစ်သည်။

၂၀၀၈ ခုနှစ်တွင် အတည်ပြု ပြဋ္ဌာန်းခဲ့သည့် အခြေခံဥပဒေသည် ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် အစည်းဝေး စတင် ကျင်းပသည့် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့တွင် အာဏာတည် ခဲ့သည်။

ဤဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈) 'နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ' အခန်းတွင် ပုဒ်မ ၃၄၅ မှ ၃၇၆ အထိနှင့် ပုဒ်မ ၃၈၀ အပါအဝင် ပုဒ်မပေါင်း ၃၃ ရပ်တွင် နိုင်ငံသားများ၏ အခွင့်အရေးကို လည်းကောင်း၊ ပုဒ်မ ၃၈၃ မှ ပုဒ်မ ၃၉၀ အထိ ပုဒ်မပေါင်း ရှစ်ရပ်တွင် နိုင်ငံသားများ၏ တာဝန်ကို လည်းကောင်း တွေ့ရပါသည်။ ပုဒ်မ ၃၇၇ တွင် ဤအခန်း၌ ပေးထားသော အခွင့်အရေး တစ်ရပ်ရပ်ကို ရယူလိုပါလျှင် သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားပိုင်ခွင့် ရှိရမည်ဟု အကာအကွယ်ပြုပေးသော ပြဋ္ဌာန်းချက်အဖြစ် ဖော်ပြထားပါသည်။

ပုဒ်မ ၃၇၈ သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား အာဏာအပ်နှင်းသော ပြဋ္ဌာန်းချက် ဖြစ်ပါသည်။

၃၇၈။ (က) ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးများနှင့် စပ်လျဉ်း၍ လျှောက်ထားလာသည့် ကိစ္စရပ်များတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် အောက်ဖော်ပြပါ စာချွန်တော်အမိန့် တစ်ရပ်ရပ်ကို သင့်လျော်သည့်အတိုင်း ထုတ်ဆင့်ပေးခွင့်အာဏာ ရှိရမည်-

(၁) ရှေ့တော်သွင်း စာချွန်တော်အမိန့်၊

(၂) အာဏာပေး စာချွန်တော်အမိန့်၊



mgyoe.com

mgyoe.com
SAMPLE BOOK

(၃) တားမြစ်စေ စာချွန်တော်အမိန့်၊

(၄) အာဏာပိုင်မေး စာချွန်တော်အမိန့်၊

(၅) အမှုခေါ် စာချွန်တော်အမိန့်။

(ခ) ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ အပ်နှင်းသည့် စာချွန်တော်အမိန့်များ ထုတ်ဆင့်ခွင့် အာဏာသည် အခြား တရားရုံးများအား တည်ဆဲ ဥပဒေများအရ အပ်နှင်းထားသည့် စာချွန်တော်အမိန့် သဘောမျိုး သက်ရောက်သည့်အမိန့် ထုတ်ဆင့်ပိုင်ခွင့်အာဏာကို မထိခိုက်စေရ။

၃၇၉။ အောက်ဖော်ပြပါ အခြေအနေ တစ်ရပ်ရပ် ပေါ်ပေါက်ချိန်တွင် အများပြည်သူ လုံခြုံရေးအတွက် လိုအပ်သည့် ကိစ္စမှတစ်ပါး ပုဒ်မ ၃၇၇ ပါ အခွင့်အရေးများ တောင်းခံပိုင်ခွင့်ကို ရပ်ဆိုင်းထားခြင်း မပြုရ-

(က) စစ်မက် ဖြစ်ပွားချိန်၊

(ခ) တိုင်းတစ်ပါးမှ ကျူးကျော် ဝင်ရောက် တိုက်ခိုက်ချိန်၊

(ဂ) ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်။

၃၈၁။ အောက်ဖော်ပြပါ အခြေအနေနှင့် အချိန်အခါမှတစ်ပါး နိုင်ငံသားများ၏ တရားဝင် ပိုင်ဆိုင်ခွင့်ရှိသော နစ်နာချက်များအတွက် ဥပဒေဖြင့် သတ်မှတ်ထားသော ရယူပိုင်ခွင့်များကို ငြင်းပယ်ခြင်း မပြုရ-

(က) တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက် တိုက်ခိုက်ချိန်၊

(ခ) ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်၊

(ဂ) အရေးပေါ် အခြေအနေ ဖြစ်ပေါ်နေချိန်။

ခြွင်းချက် အဖြစ် ပုဒ်မ ၃၈၂ ကို တွေ့ရပါသည်။ ယင်းပုဒ်မ ၃၈၂ တွင်-



mgyoe.com

mgyoe.com SAMPLE BOOK

'ကာကွယ်ရေး တပ်ဖွဲ့ဝင်များ သို့မဟုတ် ငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်ရသော တပ်ဖွဲ့ဝင်များအား ယင်းတို့၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးနှင့် စည်းကမ်းသေဝပ်မှုများ ရှိစေရေးတို့အတွက် ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးများအနက် ကန့်သတ်ရန် သို့မဟုတ် ဖျက်သိမ်းရန် လိုအပ်သော အခွင့်အရေးများကို ဥပဒေပြဋ္ဌာန်း၍ ကန့်သတ်ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ပြုရမည်။'

ဟု ဖော်ပြထားပါသည်။

၁၉၄၈ ခုနှစ်တွင် အာဏာသက်ဝင်ခဲ့သော ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပုဒ်မ ၂၅ (၂) တွင် လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် အာဏာသက်ဝင်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၈ (ခ) တွင် လည်းကောင်း အမြင့်ဆုံး တရားရုံး၏ စာချွန်တော်အမိန့် ထုတ်ဆင့်ခွင့် အာဏာသည် 'အခြား တရားရုံးများအား အပ်နှင်းထားသည့် အာဏာ၊ စာချွန်တော်အမိန့်သဘောမျိုး သက်ရောက်သည့်အမိန့် ထုတ်ဆင့်ခွင့် အာဏာ'ကို မထိခိုက်စေရန် ရည်ညွှန်းပြဋ္ဌာန်းချက်များ တွေ့ရပါသည်။

မြန်မာနိုင်ငံတွင် အခြား တရားရုံးများအား အပ်နှင်းထားသော စာချွန်တော်အမိန့်သဘောမျိုး သက်ရောက်သော အမိန့်များ ချမှတ်ပေးရန် လျှောက်ထားခွင့်များအဖြစ် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေနှင့် သီးခြား သက်သာခွင့် ဥပဒေတို့တွင် တွေ့ရှိရပါသည်။

## ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၁ ၏ မြန်မာဘာသာ ပြန်ဆိုချက်ကို ရှေ့တော်သွင်း စာချွန်တော်အမိန့်အခန်း၌ ဖော်ပြထားပါသည်။ ဤနေရာတွင် မူရင်းအင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းချက်ကို ဖော်ပြလိုက်ပါသည်။



mgyoe.com